# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၆ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၅)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လက်ဖက်စိုက်တောင်သူများအား တွေ့ဆုံပွဲနှင့် လက်ဖက်ပျိုးပင်များပေးအပ်ပွဲ

### တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ရစ်ထွေကျေးရွာနှင့် ဂမုန်းတောင်ကျေးရွာတို့သို့ သွားရောက်၍ လက်ဖက်စိုက်တောင်သူများအား တွေ့ဆုံပွဲနှင့် လက်ဖက်ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရစ်ထွေကျေးရွာမှ တာဝန်ရှိသူတစ်ဦးက နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသများ လက်ဖက်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများအား လက်ဖက်ပျိုးပင်များ ပေးအပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

## အယဉ်ဆင့်၊ အသွင်တင့်၍ ခမ်းနားထည်ဝါလှသည့် ဘိုကလေးမြို့က မြို့တော်ခန်းမ



**ဘိုကလေးမြို့ မြင်ကွင်း**

ဖွံ့ဖြိုးစည်ပင်လျက်ရှိသော ဘိုကလေးမြို့၏ မြင်ကွင်းကို ဝေဟင်မှ တွေ့ရစဉ်။


သတင်းဆောင်းပါး ➢ ရန်ကြီးအောင်
ဓာတ်ပုံ ➢ ကျော်ဇေယျ
စာမျက်နှာဖွဲ့စည်းမှု ➢ ယဉ်ယဉ်အေး(မြန်မာ့အလင်း)


**ဘိုကလေး ဩဂုတ် ၁၅**

ဘိုကလေးမြို့....။ ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်း တည်ရှိသည်။ နာဂစ်မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် ဧရာဝတီတိုင်းအတွင်းမှ မြို့နယ် ခုနစ်မြို့နယ်အနက် ပျက်စီးဆုံးရှုံးမှု ဒုတိယအများဆုံးမြို့နယ် ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် တစ်မြို့လုံး၌ ရာခိုင်နှုန်းတော်တော်များများ ပျက်စီးခဲ့သည်။ အသက်ခန္ဓာပေါင်း မြောက်မြားစွာသာမက ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးခန်းများ၊ သာသနိကအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်ခြေများ၊ ရေယာဉ်များ အများစုမှာ မုန်တိုင်း၏ နင်းခြေဖျက်ဆီးမှုအောက်ဝယ် ပျက်စီးကြေမွခဲ့ရသည်။ အလုံးစုံ ပျောက်ကွယ်သွားခဲ့ရသည်။ ထိုအထဲတွင် မြို့နယ်ခန်းမသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

**သစ်လွင်ဝင်းပ**

အဆိုပါ ဘိုကလေးမြို့သို့ မကြာမီကာလများက နှစ်ကြိမ်တိုင် ရောက်ရှိခဲ့သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တစ်ကြိမ်၊ ယခုနှစ် မေလအတွင်းက တစ်ကြိမ် ဖြစ်သည်။ ဒုတိယအခေါက်တွင်တော့ မြို့၏ ပြန်လည်ဖွံ့ဖြိုးလာမှုကို လှည့်လည်လေ့လာမိသည်။ မြို့တွင်းလမ်းများက သန့်ရှင်းသပ်ရပ်နေသည်။ လူနေအိမ်များ၊ ဆေးရုံ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိက အဆောက်အအုံများက သစ်လွင်ဝင်းပနေသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍

**မြန်မာ့အလင်း — ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား**

## အသည်းချင်းဆက်၍ အချစ်ကြီးကြသည့်အမြွှာ

ကောင်းမြတ်သူ ➢ ရေးသားသည်

*ပနားမားစီးတီး ဩဂုတ် ၁၅*

*ပနားမားနိုင်ငံ၌ အသည်းချင်းဆက် အမြွှာညီအစ်မနှစ်ဦးအား ထူးထူးခြားခြားမွေးဖွားခဲ့ရာ ယခုအခါ ခွဲစိတ်ရန် ပြင်ဆင်ထားကြောင်း ဩဂုတ် ၁၅ရက်တွင် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။*

*အမြွှာညီအစ်မ*

*အဆိုပါ အသည်းချင်းဆက် အမြွှာညီအစ်မမှာ အလွန်အချစ်ကြီးကြပြီး အမည်မှာ ဟန်နက်ရင်နက်သ်(ဝဲ)နှင့် ဟာနက်ရင်နက်သ်တို့ ဖြစ်ကြသည်။ (ယာပုံ) အမြွှာညီအစ်မ၏ မိဘများမှာ ဖခင်ဖြစ်သူ အယ်လ်ဖရက်ဒိုဖာနန်ဒက်နှင့် မိခင်ဖြစ်သူ ဆာရာဂေးလ်တို့ ဖြစ်ကြသည်။ ၎င်းအမြွှာညီအစ်မအား ပနားမား ဆရာဝန်များက ဩဂုတ် ၂၃ရက်တွင် ခွဲစိတ်ရန် ပြင်ဆင်ထားကြောင်း သိရသည်။ မိဘများက ၎င်းတို့အား ခွဲစိတ်ကုသပြီးပါက ကျန်းမာစွာဖြင့် သီးခြားစီနေထိုင်နိုင်သည့် ဘဝများကို ပိုင်ဆိုင်လာနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။*

အင်တာနက်



မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဩဂုတ် ၁၆ ရက်)

# သားငါးကဏ္ဍ ပိုမိုထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များ လက်တွဲပါဝင်

အဖိုးတန်သယံဇာတများ ပေါကြွယ်ဝလှသော မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးချနိုင်ရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏စီးပွားရေးကို ဖြည့်ဆည်းဆောင်ရွက်ရာ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် တစ်ခုအပါအဝင်ဖြစ်သည်။ ယခင်က မွေးမြူရေးဇုန်များမရှိခဲ့သော်လည်း ယခုအခါ ကြက်မွေးမြူရေးဇုန် ၁၉ ဇုန်၊ ဘဲမွေးမြူရေးဇုန် နှစ်ဇုန်၊ ငုံးမွေးမြူရေးဇုန် တစ်ဇုန်၊ ဝက်မွေးမြူရေးဇုန် ကိုးဇုန်၊ သိုးမွေးမြူရေးဇုန် နှစ်ဇုန်၊ ဆိတ်မွေးမြူရေးဇုန် ရှစ်ဇုန်၊ နွားမွေးမြူရေးဇုန် ၁၂ ဇုန် စုစုပေါင်း မွေးမြူရေးဇုန်ကြီး ၅၃ ဇုန်ကို လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

ငါးမွေးကန်များ တိုးချဲ့ဆောင်ရွက်မှုအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ငါးမွေးကန်ပေါင်း ဧက ၆၃၀၀ သာရှိခဲ့သော်လည်း ယခုအခါ ငါးမွေးကန်ဧက စုစုပေါင်း ၂၁၇၈၃၆ ဧကအထိ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ခဲ့သည်။ ငါးမွေးကန်များ တိုးချဲ့ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝတိုးတက်ခဲ့ရသည်။

ပုစွန်မွေးမြူရေးကန်၊ ကဏန်းမွေးမြူရေးကန်များကိုလည်း တိုးချဲ့လုပ်ကိုင်ပြီး မွေးမြူထုတ်လုပ်လျက်ရှိသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးများကိုလည်းကောင်း၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် နည်းပညာများကိုလည်းကောင်း အသုံးပြုလျက်ရှိပြီး တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးကိုပါ ယှဉ်တွဲဆောင်ရွက်လျက်ရှိသဖြင့် သား၊ ငါးကဏ္ဍ တိရစ္ဆာန်မွေးမြူရေး မြင့်တက်ခဲ့ရသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ စားသုံးမှုအပြည့်အဝရရှိရေး၊ ပြည်ပတင်ပို့မှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ လက်တွဲကြိုးပမ်းဆောင်ရွက်သွားပါက နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၁၀ (တနင်္လာနေ့ )

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ထွက်မြောက်ခြင်း** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၉)
၈:၃၅ Hip Hop Acoustics Live Show (Part-5)
၉:၂၀ သာယာဝတီမြို့မှ မြတ်သောအလှူ
၉:၃၅ Global Panorama
၁၀:၃၅ Activities in the City
-အဆိုတော်စိုးပိုင်၏ စိတ်နှင့်စိမ်း တယ်လို့မှတ်မှာလား တေးစီးရီး မိတ်ဆက်ပွဲ
-MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ
၁၁:၁၀ ဆေးဖက်ဝင်သစ်ခွ၏ ဆေးဖက်ဝင်မှုများထဲမှ ....
၁၁:၂၀ မိခင်နှင့်ကလေးအာဟာရ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၁:၅၅ International Show Biz
၁၂:၁၀ Orchard Families (အပိုင်း-၁)
၁၂:၃၅ ရန်ကင်းမြို့ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး
၁:၀၀ **ထွက်မြောက်ခြင်း** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀ MRTV-4 သတင်း
၂:၄၅ The Champion of Dance
၃:၁၅ သာယာဝတီမြို့မှ မြတ်သောအလှူ
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၉)
၄:၁၀ ဂီတသံစဉ်အလှဆင် (နီနီဝင်းရွှေ)
၄:၃၅ Activities in the City
-အဆိုတော်စိုးပိုင်၏ စိတ်နှင့်စိမ်း တယ်လို့မှတ်မှာလား တေးစီးရီး မိတ်ဆက်ပွဲ
-MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ
၅:၁၀ Celebrity Choice (အေသင်ချိုဆွေ)
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၃၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၇:၀၀ အနုပညာမိုးကောင်းကင်
၇:၃၀ 2010 Summer Youth Olympics
၈:၀၀ MRTV-4 သတင်း
၈:၃၀ The Champion of Dance
၉:၀၅ Celebrity Choice (အေသင်ချိုဆွေ)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၉)
၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅ Premier League Highlight
၁၀:၅၀ 2010 Summer Youth Olympics
၁၁:၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သင်္ဘောအကြွပ်ယိုမုန့်လုပ်နည်း)
၁၁:၂၅ **တက္ကစီမီတာသင်လိုရာ** ဇေယျာ၊ ရိုတ၊ ပန်းအိခိုင် (ဒါရိုက်တာ-ဇာဏီထက်လင်း)
၁၁:၃၅ အတ္တရုံမြစ်ကမ်းနံဘေးကျွဲကောစိုက်တဲ့ရွာကလေး
၁၁:၄၅ သူ့ဘဝနှင့် သူ၏အနုပညာ [အကပညာရှင် ဦးသန်းအောင် (ပန်တျာမန်း)နှင့်တွေ့ဆုံခြင်း]
၁၂:၀၅ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁၂:၁၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**Barclays Premier League ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်းများ |
|---|---|---|
| ၁:၂၄ | Man U-Newcastle | ESPN (Live)<br>MRTV-4 (Live) |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Hyosung Corporation မှ General Manager Mr. Geoffrey Kim နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Hyosung Corporation မှ General Manager Mr. Geoffrey Kim နှင့်အဖွဲ့သည် ဩဂုတ် ၁၂ရက် ညစနာရီက နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ညောင်လေးပင်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ညောင်လေးပင် ဩဂုတ် ၁၅

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ရက် နံနက် ၈နာရီက ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အထက(၂) ကျောင်းဝင်းအတွင်း၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းနွဲ့ရီက အမှာစကားပြောကြား၍ သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ဟောပြော**

ထို့နောက် ဆရာမ ဒေါ်လှမြတ်နွယ်၊ ဆရာကြီး ဦးအောင်မြင့်၊ ဆရာ ဦးမျိုးမြင့်အောင်၊ ဆရာ ဦးမြင့်စိုးနှင့် ဆရာ ဆရာမများက စိုက်ပျိုးမည့်သစ်ပင်များအကြောင်း ဟောပြောကာ ပန်းပင်များအား ဝေငှပေးကြသည်။

**စုပေါင်းစိုက်ပျိုး**

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းနွဲ့ရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ အရိပ်ရပင်၊ ပရဆေးပင်၊ မျိုးကောင်းပန်းပင်နှင့် မျိုးစိတ်ပျိုးပင် ၅၀ကို ကျောင်းဝင်းအနှံ့ စိုက်ပျိုးကြသည်။

**(အောက်ပုံ) (၀၅၃)**



မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် မန္တလေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တစ်လျှောက် လမ်းများ၊ ရေကျော်များ၊ တံတားများ ပြုပြင်တည်ဆောက်မှုအခြေအနေများကို ဇွန် ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



16-8 (02).pmd 1 8/16/2010, 2:31 AM



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ခရိုင် ရစ်ထွေကျေးရွာ၌ ဒေသခံတောင်သူများအား လက်ဖက်ပျိုးပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဆက်လက်၍ တိုင်းမှူးသည် လက်ဖက်ပင်ကို စိုက်ပျိုးပေးပြီး ဒေသခံတောင်သူများ၏ လက်ဖက် ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းမှူးအား ဂမုန်းတောင်ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ဖက်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက နေပြည်တော် ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသ၌ လက်ဖက်စိုက်ပျိုးရန် လျာထားမှု အခြေအနေတို့ကို ရှင်းလင်းမှာကြားပြီး ဒေသခံတောင်သူများအား လက်ဖက်ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက လက်ဖက်ပင်ကို စိုက်ပျိုးပေးပြီး တောင်သူများ၏ လက်ဖက် ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့တော်ဝန် ဦးအောင်သိန်းလင်း
# စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၅

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ရပ်ကွက်ရှိ ဦးရွှေမှန်လမ်းအဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချော ခင်းနေမှု၊ လမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အုတ်ရေနုတ်မြောင်းနှင့် လမ်းဖြတ် မြေအောက်ရေနုတ်မြောင်းများပြုလုပ်ထားရှိမှုနှင့် ဦးညိုလမ်းသွယ်(၁)၌ အုတ်ရေနုတ်မြောင်းများ ပြုလုပ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြို့တော်ဝန်သည် ကမာရွတ်မြို့နယ် အမှတ်(၁)နှင့် အမှတ်(၃)ရပ်ကွက်တို့ကို ဆက်သွယ်သည့် ပတ္တမြားလမ်းအဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းနေမှု၊ ခိုင်ရွှေဝါ(ဗဟို)လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် ကမာရွတ်မြို့နယ် လှည်းတန်းခုံးတံတားမှ ကမာရွတ်ချောင်းအထိ ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းနေမှု၊ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ (၂)လမ်း၊ မြို့သစ်(၁)လမ်းနှင့် ရွှေဝါထွန်းလမ်းများ အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချောခင်းနေမှု၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေးအတွက် လှိုင်မြစ်လမ်းနှင့် ဘုရင့်နောင်လမ်းဆုံအနီး ဘုရင့်နောင်လမ်းကို စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှု၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၃/ခ) ရပ်ကွက်ရှိ ဘူတာဟောင်းလမ်း အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် လမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လမ်းဖြတ်မြေအောက် ရေနုတ်မြောင်းများ ပြုလုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ့ရုပ်မြင်သံကြား

**၁၆-၈-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ **ငါးရစ်မျိုးငါးတို့မစား**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒုတိယနှစ် ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၁၅ ၈။ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၅း၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ဆိုကြမယ်၊ ပျော်ကြမယ်**
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၈)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ဘဝကိုယ်စီအလှကိုယ်စီ ဝင်းဝင်းအောင်(မြို့မ) သရုပ်ဆောင်-ပပဝင်းခင် တေးရေး-ကိုရွှန်းမြိုင်(မြို့မ)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ် (ဒုတိယတွဲ) (အပိုင်း-၁၈)**
- ၁၉။ **သုခမရင်ပြင်**

# ဒို့မိတ်ဆွေစာကြည့်တိုက် အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

**တိုက်ကြီး ဩဂုတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ချောင်းသုံးခွကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက ဒို့မိတ်ဆွေကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်သက်ဝေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချစ်ချစ်သန်းတို့က စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် စာအုပ်စာစောင်များနှင့် EVD ပြစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းဇော်မင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကွန်ကရစ်လမ်းချောခင်း

**ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း မင်္ဂလာဒုံမြို့နယ် အမှတ် (၃/ခ) ရပ်ကွက်ရှိ ဘူတာဟောင်းလမ်းအား ကွန်ကရစ်လမ်းချောခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့တော်စည်ပင်)



# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာပို့စ်ဂျာနယ် အတွဲ ၂၊ အမှတ် ၃၁ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ထိုင်းစားသောက်ကုန်အဝင်နည်းတော့ ပြည်တွင်းစားသောက်ကုန် ပိုပြီးအရောင်းသွက်၊ အိမ်ရာမြေဈေးကွက်လှုပ်လှုပ်ရှားရှား အရောင်းအဝယ်ပြန်သွက်၊ ထုတ်လုပ်သူ၊ ဖြန့်ချိသူနှင့် ဝယ်ယူသူသုံးပွင့်ဆိုင် ပေါင်းကူးတံတား ရန်ကုန် ကုန်စည်ပြပွဲ မျက်နှာဖုံးသတင်းဆောင်းပါးများနှင့် တရုတ်နိုင်ငံလုပ် လေယာဉ်သုံးစင်း မြန်မာ့လေကြောင်းက ဝယ်ယူမည်၊ သစ်လုံးတင်ယာဉ် အရေအတွက်များပြားလာသဖြင့် ဆိပ်ကမ်းပတ်လမ်း တိုးချဲ့လျက်ရှိ၊ စည်းကမ်းမဲ့ယာဉ်များကို ထိထိရောက်ရောက် အရေးယူတော့မည်၊ လမ်းဘေးဈေးသည်စနစ်တကျရှိရေး ၅၀၀၀ ကျော်အား ခေါ်ယူစစ်ဆေး၊ ၆၀၅ဦးကို ပညာပေးပြီး ၂၀၀ ကျော်ကို အရေးယူ စသည့် မျက်နှာဖုံးသတင်းများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ကိုကိုလှိုင်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုဝင်ဘာ ၇ရက်နေ့တွင် ကျင်းပမည်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များသတ်မှတ်သည့် ကြေညာချက်များ ထုတ်ပြန်၊ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ (ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်)၊ ပြည်ထောင်စု ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဦးသိန်းဌေး၊ အထွေထွေအတွင်းရေးမှူး ဦးသိန်းတင်အောင်တို့နှင့် တွေ့ဆုံခြင်းတို့ကို ဖော်ပြထားသည်။

ထို့အပြင် အက်ဖ်အမ်လိုင်းတွေ အပြိုင်အဆိုင်ဖြစ်လာတော့ ပိုပြီးကြိုးစားရမည်၊ နောင်တွင် နိုင်ငံတကာမြို့ကြီးများလို အက်ဖ်အမ်လိုင်းတွေ အများကြီးတိုးလာနိုင်၊ ဖျော်ဖြေရေးထက် သတင်းဦးစားပေးထုတ်လွှင့်မှုလုပ်နိုင်သည့်လိုင်းတွေ အောင်မြင်မည်၊ မြန်မာ- အိန္ဒိယနယ်စပ် ရိဒ်ဒေသ၌ ဈေးသစ်ကြီးဆောက်လုပ်တော့မည်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရှစ်မြို့နယ်ပြန်လည်ထူထောင်ရန် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၂၃သမ ၄၈သန်း ကူညီမည်၊ ယာဉ်တိုက်၍ ပျက်စီးသည့် လျှပ်စစ်ဓာတ်တိုင် ၅၆တိုင်ရှိ၊ လက်ရှိဒဏ်ကြေးထက် သုံးဆဒဏ်ရိုက်သွားတော့မည်၊ ရှေးနှစ်ပေါင်း ၁၀၀ကျော်ခန့်က ကျောက်စေတီ ကျောက်ဆစ်ကျောက်တုံးများ တူးဖော်တွေ့ရှိ၊ ကွင်းဘေးနားက စောင့်နေမယ် (Waka Waka) သီချင်းနှင့် စီးရီးမူပိုင်ခွင့် ဂီတအစည်းအရုံးတွင် ဒုတိယအကြိမ် ညှိနှိုင်းကြမည် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ပါရှိသည်။ **(သတင်းစဉ်)**

# အသိပညာပေး ဟောပြော

ဩဂုတ် ၁၂ရက်က အထက(၁)လသာ ဗဟိုစံပြခန်းမဆောင်၌ ရန်ကုန် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မူးယစ်ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲသုံးစားပြုခြင်း အန္တရာယ်ဆိုးကျိုးများ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဦး ဟောပြောစဉ်။

(၁၀၆)







# သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ။**

# အလိမ္မာ စာမှာရှိ

# သတ်မှတ်မိုင်နှုန်းကျော်လွန်မောင်းနှင်သည့် ယာဉ်မောင်း ဆွစ်ဇာလန်၌ ဒေါ်လာတစ်သန်း ကမ္ဘာ့စံချိန်တင် ဒဏ်ရိုက်ခံရ

ဘီရန် ဩဂုတ် ၁၅

တစ်နာရီ မိုင် ၁၈၀နှုန်း မောင်းနှင်ခဲ့သည့် ဆွစ်ဇာလန်နိုင်ငံသားယာဉ်မောင်းတစ်ဦးအား ယာဉ်ထိန်းတပ်ဖွဲ့ကဖမ်းဆီးပြီး ဒဏ်ငွေ အမေရိကန်ဒေါ်လာတစ်သန်း ပေးဆောင်စေခဲ့ရာ ကမ္ဘာပေါ်တွင် ဒဏ်ငွေအများဆုံး ပေးဆောင်ရသည့် ယာဉ်မောင်းတစ်ဦး ဖြစ်လာကြောင်း ဆွစ်ဇာလန်အရာရှိများက ဩဂုတ် ၁၄ရက်၌ ပြောကြားသည်။

**မောင်းနှင်ခဲ့**

အသက် ၃၇နှစ်အရွယ်ရှိ ယာဉ်မောင်းအမျိုးသားသည် သူ၏ မာစီဒီးကားကို ဆွစ်ဇာလန်နိုင်ငံ အမှတ် ၁၂အေ အမြန်လမ်းမကြီး တစ်လျှောက် လူဆန်နီမြို့နှင့် ဘီနင်မြို့အကြား ကားလမ်းပိုင်း၌ ပြီးခဲ့သည့် သီတင်းပတ်က သတ်မှတ်မိုင်နှုန်းကို ကျော်လွန်မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်ယာဉ်ထိန်းရဲများက ယာဉ်မောင်းသူအား ဖမ်းဆီးပြီး ၎င်း၏ကားကို ထိန်းသိမ်းထားခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံတွင် အရှိန်နှုန်းမြင့်ပြီး အန္တရာယ်ဖြစ်စေနိုင်အောင် မောင်းနှင်မှုကို တရားဥပဒေအရ ပြင်းထန်စွာ အရေးယူရန် ပြဋ္ဌာန်းထားသည်။ယခင်က မြန်နှုန်းမြင့်မော်တော်ယာဉ် မောင်းနှင်မှုကြောင့် ဆွစ်ဇာလန်တွင် အများဆုံးဒဏ်ငွေပေးဆောင်ရမှုမှာ အမေရိကန်ဒေါ်လာ ၂၉၀၀၀၀ ဖြစ်ရာ ယခုဒဏ်ငွေမှာ ကမ္ဘာ့ဒဏ်ငွေအများဆုံးစံချိန်ပင်ဖြစ်သည်။ **(အင်တာနက်)**



**ဒဏ်ရိုက်ခံရသည့် ဆွစ်ဇာလန်နိုင်ငံသားမောင်းနှင်ခဲ့သော မာစီဒီးကားကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# မော်တော်ကားစက်ရုံသုံး စက်ရုပ်များ အီရန်တွင် ပထမဆုံးအကြိမ်ထုတ်လုပ်

တီဟီရန် ဩဂုတ် ၁၅

အီရန်နိုင်ငံတွင် ပြည်တွင်းအတတ်ပညာများကို အသုံးပြု၍ နိုင်ငံအတွင်း မော်တော်ကားထုတ်လုပ်မှု လုပ်ငန်းများ၌ အသုံးပြုမည့် စက်ရုပ်၁၀ခုကို ပထမအကြိမ် သုတေသနပြု ထုတ်လုပ်ခဲ့သည်။

**ဈေးနှုန်းသက်သာ**

အဆိုပါစက်ရုပ်ထုတ်လုပ်မှုကို အီရန်နိုင်ငံ တီဟမ်မြို့ရှိ ဆာ့ဖ်နည်းပညာ တက္ကသိုလ်မှ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားလုပ်စက်ရုပ်များထက် ဈေးနှုန်းသက်သာကြောင်း တက္ကသိုလ်အရာရှိတစ်ဦး၏ ပြောကြားချက်ကို အိုင်အာအင်န်အေ သတင်းဌာနက ကိုးကားဖော်ပြသည်။

**အသုံးပြု**

စက်ရုပ်များကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ခဲ့ပြီး မော်တော်ကားစက်ရုံနေရာ အနှံ့အပြားတွင် အသုံးပြုရန်အတွက်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



**နာဆာမှ အာကာသသို့ စေလွှတ်မည့် စက်ရုပ်ကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# နယူးယောက်မြို့၌ ပစ်ခတ်မှုဖြစ်ပွား လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

နယူးယောက် ဩဂုတ် ၁၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဘတ်ဖာလိုအရပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ဩဂုတ် ၁၄ရက် နံနက်ပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားသဖြင့် လေးဦးသေဆုံးသွားကြောင်း အမေရိကန်မီဒီယာများက သတင်း၌ ဖော်ပြသည်။

**သေဆုံး**

အဆိုပါ သေနတ်ပစ်ခတ်မှုကြောင့် သုံးဦးမှာ ပွဲချင်းပြီးသေဆုံးသွားပြီး တစ်ဦးမှာ ဆေးရုံပေါ်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း၊ အခြားသုံးဦးလည်း ဒဏ်ရာရခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# အာဖဂန်၌ ဩစတြေးလျတပ်ဖွဲ့ဝင် သေဆုံး

ကင်ဘာရာ ဩဂုတ် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ ဩဂုတ် ၁၄ရက်က တိုက်ခိုက်ခံရမှုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်စစ်ဘက်က ပြောကြားသည်။

**သေဆုံး**

အာဖဂန်နစ္စတန်၌ ဩစတြေးလျတပ်ဖွဲ့ဝင်များ စတင် တပ်ဖြန့်ချသည့်အချိန်မှ ဩဂုတ် ၁၄ရက်အထိ စုစုပေါင်း သေဆုံးသည့် ဩစတြေးလျတပ်ဖွဲ့ဝင်ဦးရေမှာ ၁၈ဦးရှိပြီဖြစ်သည်။ ၎င်းတပ်ဖွဲ့ဝင်မှာ ကန်ဒါဟာပြည်နယ်၌ ပုံမှန်ကင်းလှည့်မှုပြုလုပ်စဉ် ရင်ဆိုင်တိုက်ခိုက်မှု တစ်ရပ်၌ သေဆုံးခဲ့ခြင်း ဖြစ်သည်။

**ဖြစ်ပွား**

အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်း၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်မှုဖြစ်စဉ် အဆက်မပြတ် ဖြစ်ပွားလျက်ရှိကြောင်း အာဖဂန်စစ်ဘက်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



## ကျည်ဆန်ရထား

တရုတ်နိုင်ငံတစ်ဝန်း၌ စတင်အသုံးပြုမည့် ကျည်ဆန်ရထား အမျိုးအစားသစ်တစ်စင်းကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ပါကစ္စတန်ကယ်ဆယ်ရေးစခန်းတွင် အစာအဆိပ်သင့် တစ်ဦးသေ၊ ၃၀၀ဒဏ်ရာရ

အစ္စလမ္မာဘတ် ဩဂုတ် ၁၅

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းတစ်ခုတွင် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး လူ ၃၀၀ အစာအဆိပ်သင့်ရောဂါ ခံစားခဲ့ရကြောင်း ပြည်နယ် မီဒီယာဌာနက ဩဂုတ် ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဖြစ်ပွားမှုမှာ ပန်ဂျပ်ပြည်နယ်တောင်ပိုင်း အိန္ဒုမြစ်အရှေ့ဘက် တန်ဆာမြို့ရှိ ကယ်ဆယ်ရေးစခန်းတစ်ခုတွင် ဩဂုတ် ၁၄ရက် နံနက်ပိုင်းက သက်တမ်းကုန်ဆုံးသည့် အစားအစာများပေးဝေခဲ့ပြီးနောက် စခန်းအတွင်းရှိသူများအားလုံး အစာအဆိပ်သင့် ရောဂါခံစားခဲ့ကြရာ ရောဂါပြင်းထန်သူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး အစာမစားမီ သက်တမ်းကုန်ဆုံးမှုကိုသတိပြုရန် စခန်းအရာရှိက ပြောကြားခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# ယူအေအီး၌ ရေမွှေးစက်ရုံ မီးလောင်မှု သေဆုံးသူ ၁၁ဦးရှိခဲ့

ဒူဘိုင်း ဩဂုတ် ၁၅

*အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် ရေမွှေးထုတ်လုပ်သည့် စက်ရုံတစ်ရုံ၌ ဩဂုတ် ၁၄ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဒူဘိုင်းမြို့ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။*

*သေဆုံး*

*စက်ရုံမီးလောင်မှုကြောင့် သေဆုံးသူ ၁၁ဦးရှိကြောင်း၊ ၎င်းသေဆုံးသူ အလုပ်သမားများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့မှဖြစ်ကြောင်း ဒူဘိုင်းမြို့ ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။*

*မီးလောင်မှုမှာ ဩဂုတ် ၁၄ရက် နံနက် ၂နာရီခန့်၌ဖြစ်ပွားရာ အိပ်မောကျချိန်ဖြစ်၍ အလုပ်သမားများသေဆုံးရခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။ စက်ရုံမီးလောင်မှုကြောင့် စက်ရုံပိုင်ရှင်နှင့် တာဝန်ရှိသူများအား ဖမ်းဆီးပြီး မည်သည့်အတွက်ကြောင့် မီးလောင်မှုဖြစ်ပွားသည်ကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။* *(အင်တာနက်)*

# တရုတ်မြောက်ပိုင်းရှိ အတွင်းမွန်ဂိုလီးယားဒေသ၌ မီးရထား တိမ်းမှောက်မှုကြောင့် ၁၁ဦးသေဆုံး

ဟိုဟော ဩဂုတ် ၁၅

*တရုတ်နိုင်ငံမြောက်ပိုင်းရှိ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဩဂုတ် ၁၄ရက် နံနက်ပိုင်းက မီးရထားလမ်းတည်ဆောက်ရေး လုပ်ငန်းခွင်တစ်ခုတွင် ရထားတစ်စင်း တိမ်းမှောက်မှုကြောင့် ၁၁ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။*

*အဆိုပါ အဖြစ်အပျက်သည် နံနက် ၉နာရီခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရထားလမ်းခင်းရာတွင် အသုံးပြုမည့် ကျောက်တုံးများတင်ဆောင်လာသော ရထားသည် ယင်းလုပ်ငန်းခွင်အတွင်း လမ်းချော်၍ တိမ်းမှောက်ခြင်းဖြစ်သည်။ ၎င်းရထားလမ်းသည် အတွင်းမွန်ဂိုလီးယားရှိ ဘိုတူမြို့နှင့် မန်ဒေါ်လီမြို့အားဆက်သွယ်ပေးမည့် ရထားလမ်း ဖြစ်ကြောင်းနှင့် ၈၅ကီလိုမီတာအရှည်ရှိကြောင်း သိရသည်။* *အမ်အင်န်အေ၊ဆင်ဟွာ*



စင်ကာပူနိုင်ငံ၌ ကျင်းပသည့် လူငယ်အိုလံပစ် အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က ဤသို့ စည်ကား သိုက်မြိုက်စွာ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

16-8 (04).pmd 1 8/16/2010, 2:31 AM

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### နိုင်ဂျီးရီးယား၌ ရေလွှမ်း

*နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့ အနီးဝန်းကျင်တွင် ဩဂုတ် ၁၅ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ကြောင်း၊ နေအိမ်များ ရေလွှမ်းခဲ့ကြောင်း၊ ဒေသခံထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း သတင်းထုတ်ပြန်သည်။*

### ကနေဒါအရှေ့ပိုင်း၌ လေယာဉ်အရေးပေါ်ဆင်းသက်

*ပြင်သစ်နိုင်ငံ ပါရီမြို့မှ ပျံသန်းလာသော ဘိုရင်း-၇၇၇ ဂျက်လေယာဉ်တစ်စင်းသည် ဩဂုတ် ၁၅ရက် နံနက်က လေယာဉ်အင်ဂျင်မှ မီးခိုးများထွက်ပေါ်လာသဖြင့် ကနေဒါနိုင်ငံအရှေ့ပိုင်း လာဘရာဒေါ်မြို့ လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



### အကြမ်းဖက်မှုတားဆီးရန် တောင်ကိုရီးယားကူညီမည်

***အယ်လ်ဆာဗေဒိုနိုင်ငံတွင် အကြမ်းဖက်မှုများမှ ကာကွယ်ရန် စီစီတီဗွီကင်မရာများ၊ တယ်လီဖုန်းများနှင့် နည်းပညာများကို တောင်ကိုရီးယားက အကူအညီပေးမည်ဖြစ်ကြောင်း ဩဂုတ် ၁၅ရက်၌ တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။***

### အင်ဒိုနီးရှားရှိ အမြင့်ဆုံးတောင် စုပေါင်းတက်မည်

*အင်ဒိုနီးရှားနိုင်ငံရှိ အမြင့်ဆုံးတောင်ဖြစ်သော ဆီမီရူတောင်ကို တောင်ကိုရီးယားနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၇ရက်တွင် တောင်တက်သမား ၇၀၀၀တို့ စုပေါင်းပြီး တက်ကြမည်ဖြစ်ကြောင်း ဩဂုတ် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။*

### မောင်းသူမဲ့လေယာဉ်ပစ်ခတ်မှု ပါကစ္စတန်၌ ၁၃ဦးသေဆုံး

***ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မီရာလီမြို့အနီးတွင် ဩဂုတ် ၁၅ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းမှ ပစ်ခတ်မှုကြောင့် ဒေသခံ ၁၃ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်အရာရှိများက ပြောကြားသည်။***

### အမေရိကန်အနောက်တောင်ပိုင်း၌ လျှပ်ပြက်

*အမေရိကန်နိုင်ငံအနောက်တောင်ပိုင်း မာရီရာနာကျွန်းကမ်းလွန်၌ ဩဂုတ် ၁၅ရက်က ရစ်ချ်တာစကေး ၆ဒသမ၆ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။*

### ပါကစ္စတန်၌ မြေပြိုမှု ထပ်မံဖြစ်ပွား

***ပါကစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်မြောက်ပိုင်း ကျေးရွာတစ်ရွာ၌ ဩဂုတ် ၁၅ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ နေအိမ်အချို့ ပျက်စီးပြီး ခြောက်ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။***

### ရုရှားဂျုံများ ယူအေအီးသို့ တင်ပို့မှုရပ်ဆိုင်း

*ရုရှားနိုင်ငံမှ ဂျုံများ ယူအေအီးနိုင်ငံသို့ တင်ပို့ပေးမှုကို ဩဂုတ် ၁၅ရက်မှစတင်ကာ ရပ်ဆိုင်းထားကြောင်း၊ ရုရှား၌ တောမီးလောင်ကျွမ်း၍ ကောက်ပဲသီးနှံများ ပျက်စီးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။*

### အီရတ်နှင့်အစ္စရေးနယ်စပ်၌ တိုက်ခိုက်မှုဖြစ်ပွား

***အီဂျစ်နှင့် အစ္စရေးနယ်စပ်၌ အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဩဂုတ် ၁၅ရက်က လက်နက်ကိုင်လေးဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။***  ။  *(အင်တာနက်)*



## လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း လောက်ကိုင်မြို့စက်မှုလက်မှုသင်တန်းကျောင်း၌ဖွင့်

နေပြည်တော် ဩဂုတ် ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်သည် ဩဂုတ် ၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ကျင်းပသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် (၈/၂၀၁၀)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ညွှန်ကြားရေးမှူးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ လားရှိုး၊ ကွမ်းလုံနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ လားရှိုး၊ မူဆယ်တို့သို့ ဩဂုတ် ၄ရက်မှ ၇ရက်အထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပဲခူးမြို့ ရုံးကြီးရပ်ကွက် ဒေါနလမ်း အမှတ် ၂၁နေ ဒေါ်အေးမိအား ရည်စူး၍ ဦးအောင်သန်း(ခ)ဦးအောင်နိုင်(ဘဏ်၊ငြိမ်း)မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ဩဂုတ် ၇ရက်က အလှူငွေကျပ် တစ်သိန်းခွဲ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)

## ချည်မျှင်ရှည်ဝါအထွက်တိုးရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပ

ပခုက္ကူ ဩဂုတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာနက ကျင်းပသော ငွေချည်(၆)ချည်မျှင်ရှည်ဝါ တစ်ဧကပိဿာ၁၀၀၀အထက်ထွက်ရှိရေး နည်းပညာပေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက် ၉နာရီက ပခုက္ကူခရိုင် ဝါနှင့်ပိုးချည်လုပ်ငန်းဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လိုက်နာဆောင်ရွက်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစန်းဝင်းက အမှာစကားပြောကြားပြီး ဝါနှင့်ပိုးချည်လုပ်ငန်းဌာန တိုးချဲ့စိုက်ပျိုးရေးနှင့်စီမံကိန်းဌာနခွဲ (ရုံးချုပ်)မှအထွေထွေမန်နေဂျာ ဦးမြင့်ဆွေ **(အောက်ပုံ)**က ငွေချည်(၆)ဝါ ပိဿာ ၁၀၀၀အထက် ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်ဝါမျိုးများကိုသာ စိုက်ပျိုးရေး၊ အထွက်တိုးနည်းပညာများအသုံးချ လိုက်နာဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်းသိရသည်။ (ဝ၇ဝ)





## မာမီးခေါက်ဆွဲ၏ ငွေကျပ်သိန်း ၂၀ကံထူးရှင် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

Myanmar Mamee - Double Decker Limited ၏ ချက်ချင်းဝယ်၊ ချက်ချင်းပေါက် ကံစမ်းမဲအစီအစဉ်မှ ငွေကျပ် သိန်း၂၀ ဆုမဲပေါက်သည့် ကံထူးရှင်အား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Mamee ခေါက်ဆွဲရုံးခန်း၌ ကျင်းပရာ ရှေးဦးစွာ တေးသံရှင်စည်သူလွင်က အခမ်းအနားအစီအစဉ်များကို ကြေညာသည်။

ယင်းနောက် Myanmar Mamee-Double Decker Limited မှ Mr. Pang Tee Nam နှင့် Asia Light Co., Ltd. မှ ဦးစိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် Mamee ၏ ချက်ချင်းဝယ်၊ ချက်ချင်းပေါက် ကံစမ်းမဲဆုငွေကျပ်သိန်း၂၀ရရှိသည့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၅)ရပ်ကွက် ဦးအောင်ဇံဝေလမ်း အမှတ် ၄၁၃နေ ဆဋ္ဌမတန်းကျောင်းသား မောင်တင်ထွန်းအောင်အား Myanmar Mamee-Double Decker Limited မှ Mr. Pang Tee Nam နှင့် Asia Light Co., Ltd. မှ ဦးစိုးမြင့်တို့က ငွေကျပ်သိန်း ၂၀ကို ပေးအပ်ချီးမြှင့်ကြပြီး **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆုများချီးမြှင့်**

မာမီးမှ ချက်ချင်းဝယ်၊ ချက်ချင်းပေါက် ငွေသားကံစမ်းမဲများတွင် ငွေကျပ်သိန်း၂၀၊ ၁၀သိန်း၊ ငါးသိန်း၊ တစ်သိန်း၊ တစ်သောင်းနှင့် တစ်သောင်းအောက်အခြားငွေသားကံစမ်းမဲများအပြင် လက်ဆောင်ခေါက်ဆွဲထုပ်များပါထည့်သွင်း ကံစမ်းပေးသွားပြီး စားသုံးသူတို့အား သိန်းပေါင်းများစွာ ကျေးဇူးတုံ့ပြန်ခဲ့ရာ ဇူလိုင်လတွင် ငွေကျပ် ၁၀သိန်း၊တစ်သိန်း၊ တစ်သောင်းနှင့် တစ်သောင်းအောက် ငွေသားဆုများအပြင် ခေါက်ဆွဲထုပ်များ အစရှိသော ဆုများကို ဆွတ်ခူးခဲ့သူများအား ဆုများချီးမြှင့်ပြီးဖြစ်သည်။

ကျန်ရှိနေသေးသော ဆုမဲများကို နိုဝင်ဘာ ၁၅ရက်အထိ နောက်ဆုံးထား၍ လဲလှယ်နိုင်ကြောင်းနှင့် မာမီးခေါက်ဆွဲကို အမြို့မြို့အနယ်နယ်ရှိ ဆိုင်များ၌ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**




## ဈေးမီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ရွှေကူ ဩဂုတ် ၁၅

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ရွှေကူစည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် ဈေးမိဈေးဖတို့က လိုက်လံရှင်းလင်းပြသခဲ့ပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။ **(မြို့နယ်စည်ပင်)**

**မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ**

# မန္တလေးတိုင်းဘော်လီဘောအသင်းအား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ အောင်နိုင်ရေးအလံပေးအပ်

နေပြည်တော် ဩဂုတ် ၁၅

**မန္တလေးတိုင်းကိုယ်စားပြု အမျိုးသား၊ အမျိုးသမီးဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မန္တလေးတိုင်း ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံပေးအပ်၍ တာဝန်ရှိသူတစ်ဦးက မန္တလေးတိုင်း ဘော်လီဘောအသင်း ကြိုတင်စုဖွဲ့ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့အားကစားကွင်းခန်းမ၌ ကျင်းပသော (ကြည်း၊ ရေ၊ လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**နမ္မတူ ဩဂုတ် ၁၅**

နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်ခြင်းကို ဇူလိုင် ၂ရက် မွန်းလွဲ ၂နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံဦးလှညွန့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက အားပေးကြည့်ရှုကြသည်။ **(မြို့နယ်စည်ပင်)**



# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ ပုသိမ် - မုံရွာလမ်းရှိ မြောက်ယမားချောင်းတံတား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဩဂုတ်၁၀ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် မုံရွာမြို့မှ ထွက်ခွာ၍ ပုသိမ်-မုံရွာလမ်း မိုင်တိုင် အမှတ်(၄၄၇/၁)ရှိ မြောက်ယမားချောင်း တံတားတည်ဆောက်ရေးစီမံကိန်း၌ တံတားသံပေါင် တင်ပြီးစီးမှုနှင့် သစ်သားကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ်(၄၃၈/၀) နှင့် (၄၃၈/၁) အကြား၌တည်ဆောက်မည့် ခြောက်တင်းကျတံတားတည်ဆောက်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးပြီးနောက် ဆားလင်းကြီးလမ်းဆုံ၌ ၂လက်မ-၄လက်မ ကျောက်ခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၄၃၃/၃) နှင့် (၄၃၃/၇) အကြား၌ ကတ္တရာခင်း ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၄၂၈/၄)ရှိ Naing Group Construction Co., Ltd. ပုသိမ်-မုံရွာ လမ်းမကြီးတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း ကွပ်ကဲမှုရုံး၌ လမ်းတာဝန်ခံ အင်ဂျင်နီယာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး မိုင်တိုင်အမှတ်(၃၉၈/၀)၌ ၂ လက်မ-၄ လက်မ ကျောက်ခင်းနေမှု၊ မိုင်တိုင်အမှတ် (၃၉၆/၆)နှင့် (၃၉၆/၇)အကြား၌ ကျောက်များခင်းကြိတ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မှော်ဘီမြို့နယ် ရေပြာကျေးရွာ၌ စန္ဒာသုတစာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

**မှော်ဘီ ဩဂုတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အင်းလျှက်ကျေးရွာအုပ်စု ရေပြာကျေးရွာ စန္ဒာသုတစာကြည့်တိုက် ပန္နက်တင်ပွဲ အခမ်းအနားနှင့် စံ(၅)ချက်ပြည့်စုံရေး ဆွေးနွေးပွဲကို ဩဂုတ် ၁၃ရက် နံနက် ၉နာရီ ၄၅မိနစ်က အဆိုပါစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့် စာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဆန်းတင်တို့က ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)**

## ဟောပြောဆွေးနွေး

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်များ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယူကလစ်စိုက်ခင်းများ လွှဲပြောင်းပေးအပ်ပွဲ လှည်းကူးမြို့နယ်၌ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

လှည်းကူးမြို့နယ် မြို့မပျိုးဥယျာဉ်အတွင်း၌ ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ယူကလစ်စိုက်ခင်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပရာ **(အပေါ်ပုံ)** ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်း၊ လှည်းကူးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## စိုက်ပျိုး

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် တစ်ရွာတစ်ဧက ကျေးရွာပိုင်ယူကလစ်စိုက်ခင်းများကို ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကျေးရွာနှစ်ရွာ၌ နှစ်ဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျေးရွာ ၁၀ရွာ၌ ၁၀ဧက စုစုပေါင်း ၁၂ဧက တည်ထောင်စိုက်ပျိုးထားပြီးဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**



**မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ် (၂)ဈေးရှိ အသားရောင်းရုံအတွင်း ရောင်းချလျက်ရှိသော အသား၊ ငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိ မရှိကို ဩဂုတ်၂ရက်က ဒုတိယ ဦးစီးမှူး(ဈေး) ဦးအောင်မြင့်ထွန်း ကြီးကြပ်စစ်ဆေးစဉ်။**(မြို့နယ်စည်ပင်)



# ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# Yangon Expo 2010 ပြပွဲတွင် Boneal ဒဏ်ကြေဆေးပါဝင်ပြသ

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon Expo 2010 ပြပွဲတွင် Excellence Medicare & Pharmaceutical Co.,Ltd.(EMP) က တရုတ်နိုင်ငံ၌ နာမည်ကျော်ကြားသည့် Boneal ဒဏ်ကြေလိမ်းဆေး ပါဝင်ပြသသည်။ **(အောက်ပုံ)**

## သက်သာပျောက်ကင်း

အဆိုပါ ဒဏ်ကြေလိမ်းဆေးသည် အကြောရောဂါအမျိုးမျိုးကြောင့်ဖြစ်သော ရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ ဒူးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲသော ရောဂါဝေဒနာရှင်များအတွက် Boneal ဆေးကို တစ်နေ့တစ်ကြိမ်လိမ်းပေးခြင်း (သို့မဟုတ်) ဆေးညွှန်းအတိုင်း အသုံးပြုပါက မိနစ်၃၀အတွင်း တဖြည်းဖြည်း ပူနွေးလာပြီး အရေပြားအတွင်း ခံစားရသော ဝေဒနာများကို သက်သာပျောက်ကင်းစေသည်။ အသားအတွင်း စိမ့်ဝင်နိုင်စွမ်းရှိသည့် အကြောဖြေဒဏ်ကြေလိမ်းဆေးဖြစ်သည်။

## ဆေးစွမ်းကောင်း

အဆိုပါဆေးသည် အစွမ်းထက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျဖော်စပ်ထားသဖြင့် သုံးစွဲပါက ခံစားရသော ဝေဒနာများ သက်သာပျောက်ကင်းစေသည်။ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝ မပါဝင်ပါ။ ဆေးဘူးအတွင်းပါရှိသော ဂွမ်းချပ်ပေါ်တွင် ဆေးရည်များ ပျံ့နှံ့စွာစွတ်စိုစေပြီး နာကျင်နေသော နေရာတွင် ကပ်ထားပါက ရောဂါပိုမိုပျောက်ကင်းသည်။ နာကျင်နေသော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် သုံးစွဲရန် အမြဲဆောင်ထားသင့်သော ဆေးစွမ်းကောင်းဖြစ်သည်။

## ဆက်သွယ်မှာယူနိုင်

အဆိုပါဆေးကို Excellence Medicare & Pharmaceutical Co.,Ltd. (EMP) အမှတ် ၂၂၂ ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၉၆၉၉၅၊ ၂၉၁၈၃၉ နှင့် ၂၀၃၀၀၈တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**




# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့်(စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



# အစ္စရေး၌ သင်တန်းတက်ရောက်ကြမည့်သင်တန်းသားများအား ဝန်ကြီး ဦးဌေးဦး တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦး **(အပေါ်ပုံ)**သည် ဩဂုတ်၁၂ရက် ညဂနာရီ ၁၅မိနစ်က နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ အစ္စရေးနိုင်ငံ Ramat Negev Desert Agro Research Center (RNDARC) ဒီပလိုမာသင်တန်းသို့ စာတွေ့၊ လက်တွေ့ ၁၀လကြာ သင်တန်းတက်ရောက်ရန် သွားရောက်ကြမည့် ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံများမှ ထူးချွန်သင်တန်းသား ၄၆ဦးတို့အား တွေ့ဆုံ၍ သင်တန်းတွင်ထူးချွန်ထက်မြက်အောင် ကြိုးစားကြရေးနှင့် အကျိုးရှိသည့် လုပ်ငန်းအတွေ့အကြုံများကို မှတ်သားရယူပြီး မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျိုင်းတုံ-မိုင်းခတ်ကားလမ်း တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဩဂုတ် ၇ရက် နံနက်ပိုင်းက ကျိုင်းတုံ-မိုင်းခတ်ကားလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျောက်တောင်လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## မှာကြား

ဆက်လက်၍ ဝမ်တာပုံတံတားသို့ ရောက်ရှိရာ တံတားကြံ့ခိုင်မှုနှင့် တံတားကြမ်းခင်း ပြုပြင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံမြို့နယ် နောင်ကန်စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကြီးကြပ်စစ်ဆေး

ရသေ့တောင်မြို့နယ်အတွင်း အများပြည်သူဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ကူးတို့ရေယာဉ်များအား ဩဂုတ် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်တင်ဦးနှင့်ဒုတိယဦးစီးမှူး ဦးပုချေတို့ ကြီးကြပ်စစ်ဆေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော ကျောင်းသုံးစာရေးကိရိယာများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် သန့်ရှင်းရေး သုံးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ နံနက်၉ နာရီက တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်း၌ ကျင်းပသည်။

## တက်ရောက်

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

## ထောက်ပံ့လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ငွေကျပ် ၂၈၇၅၀၀တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ၊ ယင်လုံအိမ်သာ ဆောက်လုပ်ရန် ငွေကျပ် ၃၀၀၀၀၀နှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ မူကြိုကျောင်းအတွက် ငွေကျပ် ၅၀၀၀၀နှင့် ကျေးလက်ကျန်းမာရေးဌာနအတွက် အလှူငွေများ ထောက်ပံ့လှူဒါန်းကြသည်။

## တိုက်ကျွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာရဲမင်းထွေးနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာမျိုးမင်းဦးတို့က ကျောင်းကျန်းမာရေး ဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် လက်သန့်ရှင်းရေး သရုပ်ပြခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၁)တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည်ဟု ကော်မရှင်က ထုတ်ပြန်ကြေညာ၊ ဈေးကြီးများရှိကြွက်များကို ဖမ်းဆီးစစ်ဆေးနေ၊ ကိုရီးယားသို့ မြန်မာလုပ်သားပို့ဆောင်မှု အကန့်အသတ်မရှိ ရွှေ့ဆိုင်းထား၊ သွေးကြောနှင့် ပတ်သက်သောရောဂါများ ပျောက်ကင်းသည့် နေရောင်ခြည်စွမ်းအင်သုံးလက်စွပ် ပြည်တွင်းတွင် ဝယ်နိုင်ပြီ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ပေးသွင်းရမည့်အခွန်အခလျှော့ချ၊ တန် ၃၀၀၀နှင့်အထက်ရှိ နိုင်ငံခြားသင်္ဘောကြီးများကို ပြည်တွင်းကုမ္ပဏီတစ်ခုက ရေကြောင်းပို့ဆောင်ရေးနှင့် ပူးပေါင်းတည်ဆောက်ရန် စီစဉ်၊ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ဒေါက်တာအရှင်ဉာဏိဿရတရားပွဲ ကျင်းပမည်၊ ဖောက်ပြန်မှုမရှိသည့် အိမ်ထောင်ရှင်အမျိုးသမီးများတွင်လည်း အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းခံနေရ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အသည်းကြားက မဲတစ်ပြား ဘယ်သူ့ကိုယုံလို့ပုံမလဲ Political Column၊ ခေါင်းဆောင်နှင့် နောက်လိုက် Myanmar Channel၊ တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေး အလေးပေးဆောင်ရွက်ကြပါစို့ Myanmar Discovery၊ ဂင်းနက်စ် ကမ္ဘာ့စံချိန်မှတ်တမ်းဝင်ခွင့် မရလိုက်သည့် ပုဂံသူ မဇီးကွက်စိန်၏ ကုန်လွန်ခဲ့သော ပုံရိပ်များ၊ မြန်မာတို့၏ ကိုးကွယ်မှုစရိုက်နှင့် ခေါင်းလောင်း(၃)ကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

## ဖြန့်ချီ

ကုလသမဂ္ဂမှာ ဘာတွေမှားနေလဲ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် သောမတ်ဝစ်နှင့် The Straits Times သတင်းစာတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ သူလျှိုကစားပွဲထဲ တရုတ်လည်းဝင်ပါ၊ ရေနံဈေးနှုန်း မငြိမ်သက်မှုက တည်ငြိမ်ရေးကိုကြိုးပမ်းရမည့်အနေအထားဖြစ်၊ အနာဂတ်ကျွမ်းဘားမောင်မယ်လေးတွေ တရုတ်ပျိုးထောင်၊ အလုပ်ဖြုတ်ခံရသည့်ယာဉ်မောင်းက ကုမ္ပဏီလူကြီးများကို သေနတ်ဖြင့်ပစ်သတ်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့၊ ညဘက်တွင် အိပ်ကောင်းခြင်း အိပ်ပျော်စေသည့်အချက် ရှာတွေ့ပြီ၊ မိတ်ဆွေအပေါင်းအသင်းကောင်းကြောင့် ပို၍အသက်ရှည်စေနိုင်၊ ကိုယ်ထည်အောက်ဘက်မှ အခြားကားများဖြတ်သန်းမောင်းနိုင်သော သရီးဒီဘတ်စ်ကား တရုတ်တွင်ထုတ်လုပ်မည်၊ နိုင်ငံခြားသီးနှံပို့ကုန်တင်ပို့မှု ရုရှားပိတ်ပင်စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media Houseမှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)



# ကျောင်းကုန်း၌ စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကျောင်းကုန်း ဩဂုတ် ၁၅

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲနှင့် နယ်မြေအလိုက် ကွင်းဆင်းတာဝန် ပေးအပ်ပွဲကို ဩဂုတ် ၁၁ရက်က အေးချမ်းသာယာခန်းမ၌ ကျင်းပရာ ကျေးရွာအုပ်စု ၁၁အုပ်စုရှိ ကျေးရွာ ၇၃ရွာမှ ကျေးရွာဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

## ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လုပိုမိုက စံ(၅)ချက်ညီသည့် စာကြည့်တိုက်များ ဖြစ်ထွန်းစေသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ကျေးရွာများသို့ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နယ်မြေတာဝန်ခံဝန်ထမ်းများက ကျေးရွာအလိုက် စာကြည့်တိုက် ဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြီး ဘာသာရပ်အလိုက် စာကြည့်တိုက်ဆိုင်ရာများ သင်တန်းပို့ချခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



# နမ့်ခမ်းမြို့၌ ကျောင်းသုံးဗလာစာအုပ်များလှူဒါန်း

နမ့်ခမ်း ဩဂုတ် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့တွင် ဩဂုတ် ၂ရက် မွန်းလွဲပိုင်း၌ အလှူရှင်များဖြစ်ကြသော ခိုလုံလီရှော ပန်းဆေးဂျမ်းစ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်မြင့်-ဒေါ်ဝင်းမြင့် မိသားစုက မွေးနေ့အလှူအဖြစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၀၀၀ လှူဒါန်းပွဲ ကျင်းပရာ အခမ်းအနားသို့ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

## လှူဒါန်း

ရှေးဦးစွာ အလှူရှင် မိသားစုက တာဝန်ခံ ဆရာမတစ်ဦးထံသို့ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ပြီး နမ့်ခမ်းမြို့နယ်မှ ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ) (၁၅၃)



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လင်းခေး၌ကျင်းပ

လင်းခေး ဩဂုတ် ၁၅

လင်းခေးခရိုင် သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၆ရက်က လင်းခေးမြို့အဝင် မိုးနဲ-လင်းခေး လမ်းအပိုင်း မိုင်တိုင် (၄၉/၃)နှင့် (၄၉/၄)ကြား၌ ကျင်းပသည်။

## စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေ **(အပေါ်ပုံ)**နှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်းအပင် ၃၀၀၊ ယူကလစ် ၄၀၀၊ တမာအပင် ၅၀၀ စုစုပေါင်း အပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုး ကြသည်။

(ခရိုင် ပြန်/ဆက်)



ဩဂုတ် ၁၀ရက်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် လမ်းမတော်မြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၀)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော အလက(၁) လမ်းမတော် ဘောလုံးအသင်းကို လက်ထောက်မြို့နယ်ပညာရေးမှူး ဦးခင်ညိုဦး ဆုချီးမြှင့်စဉ်။ (၁၃၅)

# ကယားပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ကယားပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဥက္ကဋ္ဌက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ရရှိသူများအားလည်းကောင်း၊ တာဝန်ရှိသူများက ဒုတိယနှင့် တတိယဆု ရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အိုင်အိုဒင်းဆားများကို အရည်အသွေးစစ်ဆေးပြီး ကလေးငယ်များအား ဗီတာမင်ဆေးလုံးနှင့် သန်ချဆေးများ တိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်ဆေးပြားများ ဖြန့်ဝေပေး၍ ပြခန်း၌ပြသထားသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပညာပေးပိုစတာများနှင့် ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ် ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၅

First Asia Co., Ltd. ၏ CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၄၇၀ရှိ အဆိုပါ ရုံးချုပ်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းနှင့် First Asia Co., Ltd. ဥက္ကဋ္ဌ ဦးမောင်အေးတို့က CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

CROWN Electronics ရုံးချုပ်နှင့် အရောင်းခန်းမသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် CROWN TV, EVD, Amplifier, Portable (7", 9", 12") ၊ Minicombo EVD, Air Cooler, Speaker နှင့် Rice Cooker များစသည့် မည်သည့်ပစ္စည်းကိုမဆို ဝယ်ယူအားပေးကြသူများအား ၂၀၁၀ခုနှစ် ဩဂုတ် ၁၅ရက်မှ နိုဝင်ဘာ ၁၅ရက်အထိ ပထမဆုငွေကျပ် ၁၅သိန်း၊ ဒုတိယဆုငွေကျပ် ၁၀သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် ငွေကျပ် တစ်သိန်းဆု ၁၀ဆုများအပြင် ငွေကျပ်သိန်း ၁၈၀တန်ဖိုးရှိ TV, EVD, Air Cooler, Rice Cooker စသည့် ပစ္စည်းများကို ကံစမ်းမဲဖွင့် ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

### ရောင်းချပေး

CROWN Electronics ပစ္စည်းများသည် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားပြီး ဝယ်ယူသည့် စက်ပစ္စည်းများအားလုံးကို အာမခံ နှစ်နှစ်မှ သုံးနှစ်အတွင်းပေးထားကာ ဈေးနှုန်းများကိုလည်း အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

### ဝယ်ယူနိုင်

CROWN Electronics ပစ္စည်းများကို ဝယ်ယူလိုပါက ရုံးချုပ်နှင့် ဖြန့်ချိရေး အရောင်းစင်တာ (၁) ရန်ကုန် အမှတ် ၄၇၀ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၀၃၈၅၊ ၂၉၉၇၃၂နှင့် ၃၈၆၅၀၈၊ Hot Line-၇၃၀၂၄၄၅၆၊ အရောင်းစင်တာ(၂) ရန်ကုန် အမှတ် ၈ ဝေဇယန္တာလမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၂၂၇၉၊ ဆားဗစ်စင်တာ (ရန်ကုန်) အမှတ် ၁၀ မြေညီထပ် ၁၃၃လမ်း မအူကုန်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၀၂၄၈၄၉နှင့် ဖြန့်ချိရေးနှင့် ဆားဗစ်စင်တာ(မန္တလေး) အမှတ် ၃၈၁(အေ) ၈၂လမ်း လမ်း ၃၀ × ၃၁ လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၂၉၂၆၊ Hot Line-၀၂-၉၁၀၀၈၉၃၉တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)



# တက္ကသိုလ်များ (ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ (ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အင်းလျားကန်၌ ကျင်းပသည်။**

### ပေးအပ်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရှေးဦးစွာ တက္ကသိုလ်များ လှေလှော်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်က မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ဒိုင်လူကြီးများကိုယ်စား မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အမှုဆောင် ဦးကျော်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

### ချီးမြှင့်

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီးမီတာ ၅၀၀နှင့် မီတာ ၁၀၀၀ လှေလှော်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ အသင်းများအား ဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက တံခွန်စိုက်ဆုရ ရန်ကုန် စီးပွားရေးတက္ကသိုလ်အသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ (ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပစဉ်။** (သတင်းစဉ်)



# မေတ္တာပန်းခိုင် ကြိုင်လှိုင်သင်းမြ ဝါခေါင်လ

**ဦးအောင်မွန် (မဟာဝိဇ္ဇာ)**

** မေတ္တာဆိုတာ ကြိုင်ကြိုင်မွှေးတဲ့ အခိုင်လေးနဲ့ ပန်းတွေလို၊*
** လေအောက်လေညာ ဘယ်မရွေးဘူး တကယ်မွှေးတဲ့ ဖြဟ္မစိုရ်၊*
** သူသူငါငါ မှန်သမျှတို့ ပန်ကြဆင်ကြ နေ့တိုင်းကို၊*
** မေတ္တာ အကျိုးဂုဏ် တန်ခိုးပြည့်ဖြိုးရစေလို....။ ။*

*(လယ်တီအရှင် ကုလိသရေးဖွဲ့သည်)*

*မေတ္တာသည် ဗြဟ္မဝိဟာရတရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ မေတ္တာဗြဟ္မစိုရ်ကို ပွားများကြပါက ထာဝရငြိမ်းချမ်းနိုင်သည်။ ဘေးဥပဒ်ရန်အပေါင်းလည်း ကင်းရှင်းနိုင်ပါသည်။*

*ဂေါတမရှင်တော်မြတ်ဘုရားလက်ထက်တော် အခါတစ်ပါးတွင် ငါးရာသောရဟန်းတော်တို့သည် ဘုရားရှင်တော်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်လျက် တောအုပ်တစ်ခုအတွင်းဝယ် ဝါဆိုဝါကပ်ပြုတော်မူကြလေသည်။ ရဟန်းတော်များ၏ သီလအာနိသင်တန်ခိုးကြောင့် တောအတွင်းရှိ ရုက္ခစိုးစသော နတ်အချို့မှာ မိမိတို့၏ နေရာရင်းမှာမနေနိုင်ဘဲ ဖယ်ခွာပေးရသည်။ ထို့ကြောင့် ရဟန်းတော်တို့အား ငြိုငြင်အာဃာတတို့ဖြင့် ရုန့်ရင်းချောက်ချားဖွယ်အသံ၊ ဆိုးရွားသောအနံ့၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် ရုပ်အဆင်းတို့ ဖန်တီးကာ ခြောက်လှန့်ကြတော့သည်။ ဤတွင်ရဟန်းတော်တို့မှာ တရားကို ဖြောင့်ဖြောင့်နှလုံးမသွင်းနိုင်တော့ပေ။ စိတ်ဓာတ်များ တုန်လှုပ်ချောက်ချားကာ တရားဘာဝနာ မစီးဖြန်းနိုင်သည့်အပြင် ဆွမ်းမျှမဝင်၊ ကျိန်းစက်မပျော်၊ ညှိုးရော်ပိန်ချုံး နှလုံးစိတ်ဝမ်း မအေးချမ်းမှုတို့ ဖြစ်ကြရရှာသည်။*

### *မေတ္တသုတ်ဒေသနာ*

*သို့နှင့် ဘုရားရှင်ရှိရာ သာဝတ္ထိမြေ ဇေတဝန်ဝိဟာကျောင်းတော်သာသို့ ဝါတွင်းကာလ ဝါကပ်ရင်းမှာပင် ခရီးနှင်ကြတော့သည်။ ဘုရားရှင်ကိုယ်တော်မြတ်က အကြောင်းစုံလင်ကို သိမြင်တော်မူပြီး ရဟန်းတို့အား မေတ္တသုတ်ဒေသနာကို ဟောကြားပေးတော်မူပါသည်။ ထိုသို့ မြတ်စွာဘုရားက ချီးမြှင့်တပ်ဆင်ပေးအပ်သော မေတ္တာလက်နက်ကိုယူဆောင်လျက် တောအုပ်သို့ပြန်သွားကြရန် တိုက်တွန်းတော်မူပါသည်။ ရဟန်းတို့လည်း မြတ်ဘုရားညွှန်ကြားမိန့်မှာတော်မူသည့်အတိုင်း မေတ္တာတရားစီးဖြန်းကြ၏။ ရဟန်းတော်တို့၏ မေတ္တာဓာတ်ကြောင့် နတ်များက မေတ္တာသက်ဝင်၊ ချစ်ခင်လာကြကာ ကြည်လင်အေးချမ်းဘေးမသန်းဘဲ ကမ္မဋ္ဌာန်းတရားများ အားထုတ်နိုင်ကြပါသည်။*

*ရဟန်းတော်ငါးရာတို့သည် ယင်းတောအုပ်မှာပင် ဝါခေါင်လအတွင်း၌ ဒုတိယဝါကပ်တော်မူကြကာ မေတ္တာဘာဝနာပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြသည်။ ဝါမကျွတ်မီပင် ရဟန်းအားလုံး ရဟန္တာဖြစ်တော်မူကြကုန်သည်။*

*ဤသို့လျှင် ဝါတွင်းကာလ၌ ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တသုတ်ကို ဟောကြားတော်မူခဲ့ခြင်း၊ ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်း စသည့်ဖြစ်တော်စဉ်များကိုထောက်၍ ဗုဒ္ဓဘာသာဝင်တို့သည် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကာ တခမ်းတနားကျင်းပကြခြင်း ဖြစ်ပေသည်။ မေတ္တာအခါတော်နေ့ အထိမ်းအမှတ်မှသည် သတ္တဝါအများ မေတ္တာတရားများ လွှမ်းခြုံစေနိုင်ရန် ရည်သန်ကြရပေမည်။*

### *ထာဝရငြိမ်းချမ်း*

*မေတ္တာဓာတ်ကား အေးမြကြည်လင်၍ ငြိမ်းချမ်းသောသဘောကို ဆောင်ပေသည်။ တဏှာကဲ့သို့ နောက်ကျုပူလောင်ခြင်းမရှိချေ။ မေတ္တာဗြဟ္မစိုရ်ကိုပွားများနေပါက ကမ္ဘာလောကကြီး ထာဝရငြိမ်းချမ်းသာယာနိုင်ပေသည်။ ဒေါသစိတ်သည် မေတ္တာ၏ အဝေးရန်သူဖြစ်ပြီး အနီးရန်သူကား တဏှာလောဘဖြစ်ပါသည်။ ရာဂတဏှာသည် မေတ္တာဟန်ဆောင်ကာ လှည့်စားတတ်ပေသည်။ မေတ္တာဓာတ်မှာ အေးမြသည်။ ဒေါသနှင့် တဏှာလောဘတို့ကား ပူလောင်သည့်သဘောရှိပေ၏။*

*အကြင်သူနှစ်ဦးသည် ရေခြားမြေခြား ဝေးကွာလှမ်းနေသော်လည်း တစ်ဦးကိုတစ်ဦး မေတ္တာစိတ်ဖြင့် ဆက်သွယ်လျှင် နီးနီးလေးဟု ဆိုနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ဒေါသ အမျက် အမုန်းတို့ ရှိနေလျှင်ကား မည်မျှပင်နီးနီးကပ်ကပ်နေသော်လည်း ဝေးနေသူများဖြစ်ပါသည်။ ထို့ကြောင့် "ချစ်လျှင်နီး၍၊ မုန်းလျှင်ဝေး၏"ဟု လူကြီးသူမတို့က ဆိုထားခဲ့ချေသည်။*

*ရာဇဂုရု တတိယမောင်းထောင်ဆရာတော်ကြီးကလည်း "မေတ္တာသက်လုံ ပျက်သောသူသည်၊ ဒေါသအမြှုပ်ထွက်လွယ်ပြီး စိတ်ဆိုးမာန်တက် အမုန်းဖက်တတ်၍ ခန္တီဝန်ကို မနိုင်ဖြစ်တတ်သည်"ဟု ဆုံးမခဲ့ပေသည်။ ပိဋကတ်ကျမ်းဂန်တို့တွင် မေတ္တာကို အဒေါသ၏ပရိယာယ်အဖြစ် ဟောကြားထားပါသည်။*

*မိသားစုတစ်စုအတွင်းမှအစ၊ တစ်မိသားစုနှင့်တစ်မိသားစုအလယ်၊ လူတိုင်းလူတိုင်း ဒေါသစိတ်ကို ရှေ့တန်းမတင်ဘဲ မေတ္တာစိတ်များဖြင့် ဆက်ဆံသင့်လှပေသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မေတ္တသုတ်တော်ပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်သုံးကြပါလျှင် ရဟန်း၊ နတ်၊ လူသတ္တဝါဟူသမျှတို့၏ လောကတစ်ခွင် မေတ္တာဓာတ်များ ထွန်းကားဝေစည် သာယာမည် အမှန်ဖြစ်ပေသည်။*

*ဤသို့အားဖြင့် မေတ္တာဟူသည် တစ်ဦးကိုတစ်ဦး အပြစ်မမြင် ချစ်ခင်သောစိတ် ဖြစ်ပေသည်။ မကောင်းမြင်စိတ်၊ ဣဿာမစ္ဆရိယစိတ်များ ဖယ်ရှားကာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ဖြင့် ဆက်ဆံသင့်ကြပါသည်။ မေတ္တာစိတ်(အဒေါသ)၏ ဆန့်ကျင်ဘက် ဒေါသ၊ လောဘ၊ မောဟများ ကင်းစင်ကြပါစေ။ အေးမြကြည်လင် ငြိမ်းချမ်းသော မေတ္တာစိတ်များဖြင့်သာ ပေါင်းသင်းဆက်ဆံနိုင်ကြသည်ဖြစ်၍ မေတ္တာပန်းခိုင် ကြိုင်လှိုင်သင်းပျံ့ကာ သတ္တဝါအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု မေတ္တာပို့သ ရေးသားတင်ပြလိုက်ရပါသည်။ ။*



## ဘိုကလေးမြို့တော်ခန်းမ

ဘိုကလေးမြို့၏ မြို့တော်ခန်းမ အဆောက်အအုံကြီးက ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်။

○ ရှေ့ဖုံးမှ

မုန်တိုင်းဒဏ်ကြောင့် တစ်မြို့လုံး ပြားပြားဝပ်ဝပ် ကြေမွပျက်စီးခဲ့ရပြီး နောက်နှစ်နှစ်ခန့်ကာလအကြာတွင်မူ မြို့သည် ယခင်ကထက် ပိုမိုစည်ပင် ဖွံ့ဖြိုးနေသည်မှာ လက်တွေ့မျက်မြင်။ ဘိုကလေးမြို့သည်ကား အမိမဲ့သား ရေနည်းငါးဘဝမှ အချိန်တိုအတွင်းမှာပင် ပြန်လည်ရုန်းထလာနိုင်ခဲ့ပေပြီ။

မြို့မ (၄)ရပ်ကွက်ရှိ ရွှေသွယ်ရင်လမ်းနှင့် စိန်ပန်းလမ်းထောင့်အရောက်တွင်တော့ ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက်ရသည်။ ဘိုကလေးမြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမကြီးဖြစ်သည်။တည်ဆောက်ပြီးစီးသည်မှာ ကြာမြင့်သေးဟန်မတူ။ အဆောက်အအုံကား ခေတ်မီသည်။ လှပသေသပ်သည်။ ဗိသုကာလက်ရာမြောက်သည်။ ရှုမငြီးအောင် အယဉ်ဆင့်၍ အသွင်တင့်တယ်သည်။ ခမ်းနားထည်ဝါသည်။ ခန်းမအဆောက်အအုံ ရှေ့တွင်လည်း ပန်းအလှပင်များ၊ စိမ်းလန်းစိုပြည်နေသော မြက်ခင်းအလှနှင့်အတူ အင်ကြင်းကျောက်ဥယျာဉ်ကိုလည်း လှပစွာတန်ဆာဆင်ထားသည်။

### စူးစမ်းမိ

ခန်းမအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် မြို့မိမြို့ဖများကို တွေ့ရ၍ ပဋိသန္ဓာရ စကားဆိုရင်း ခန်းမကြီးအကြောင်းကို မေးမြန်းစူးစမ်းမိသည်။

ဥက္ကဋ္ဌ ဦးစိုးသိန်းက ""မုန်တိုင်းတိုက်ပြီးနောက် ချက်ချင်းဆိုသလိုပဲ တစ်မြို့နယ်လုံးမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ မနေမနားလုပ်လာလိုက်တာ တစ်နှစ်ကျော်ကာလအတွင်းမှာပဲ မူလအခြေအနေအတိုင်း ပြန်ဖြစ်လာတယ်။ အဲဒီနောက် ဒီထက် ပိုမိုမြင့်မားတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်ခဲ့ရာမှာ ဘယ်လောက်ထိ တိုးတက်လာသလဲဆိုရင် အခုမြင်ရတဲ့ မြို့တော်ခန်းမကြီးကို မြင်ရုံနဲ့ သိသာနိုင်ပါတယ်"" ဟု ပြောကြားသည်။

မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးမြသိန်းကလည်း ""ဒီခန်းမကြီးကိုMRT ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့တာဗျ။ အလှူရှင်ရဲ့ မြို့အပေါ်ထားတဲ့ စေတနာကိုလည်း ကျွန်တော်တို့ မြို့သူ မြို့သားတွေက အသိအမှတ်ပြု ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး"" ဟု ပြောပြသည်။

### ဆောက်လုပ်လှူဒါန်း

မြို့တော်ခန်းမကြီးကား အလျား ၁၃၇ပေ၊ အနံ၈၂ပေ၊ အမြင့်ပေ ၂၀ရှိ အာရ်စီကွန်ကရစ် အဆောက်အအုံကြီးဖြစ်သည်။ ခန်းမအကျယ်အဝန်းမှာ အလျား ၉၈ပေ၊ အနံ ၆၆ပေရှိပြီး ပရိသတ် ၇၀၀ ဝင်ဆံ့သည်။ အဆောက်အအုံကို ၂၀၀၉ ခုနှစ် ဇူလိုင် ၂ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ဒီဇင်ဘာ ၃၁ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ခန်းမကြီးကိုMyanmar Rice Trading (MRT) ကုမ္ပဏီက ငွေကျပ်သိန်းပေါင်း ၃၃၇၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

MRT ကုမ္ပဏီသည် နာဂစ်မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ၂၀၀၈ခုနှစ် မေ ၂၂ရက်က ငွေကျပ်သိန်း ၅၀၀တန်ဖိုးရှိ ဆန်အိတ် ၂၇၅၄အိတ်နှင့် မိုးကာလိပ် ၅၄ လိပ်ကို ဘိုကလေးမြို့သို့ လာရောက်လှူဒါန်းခဲ့သည်။ ထို့နောက် ကျွဲနွားများ သေကျေဆုံးရှုံးခဲ့ရသည့် တောင်သူလယ်သမားများ၏ လတ်တလောအခက်အခဲကို ဖြေရှင်းပေးနိုင်ရန်အတွက် ဘိုကလေးမြို့နယ် ဆန်စက်လုပ်ငန်းရှင်အသင်းနှင့် ညှိနှိုင်းကာ ငွေကျပ် ၁၅သိန်းတန် လက်တွန်းထွန်စက် အစီး ၃၀၀ နှင့် ငွေကျပ် ၁၂၅၀၀၀၀တန် ထွန်စက်အစီး ၂၀၀တို့ကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၅အုပ်စုမှ တောင်သူလယ်သမား ၅၀၀တို့အား သုံးနှစ်အတွင်း ငွေအကျေပေးချေရမည့် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ ထိုသို့ ထွန်စက်များ ဖြန့်ဝေပေးပြီးနောက် အရစ်ကျ ပြန်လည်ပေးဆပ်လာသည့် ငွေများကို စုစည်း၍ မြို့တော်ခန်းမကြီး ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ MRT ကုမ္ပဏီ၏ စေတနာနှင့် နှစ်ဖက်နှစ်လမ်း အဆင်ပြေစေရန် ဆောင်ရွက်ပုံနည်းလမ်းသည်လည်း ချီးကျူးဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။



ဘိုကလေးမြို့၏ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပြုပြင်ထားသည်ကို တွေ့ရစဉ်။

### ရွေးချယ်

ထိုသို့ အလှူရှင် ပေါ်ပေါက်လာပြီးနောက် မြို့တော်ခန်းမ ဆောက်လုပ်မည့်နေရာကိုလည်း ရွေးချယ်သတ်မှတ်ခဲ့ရသည်။ ပြိုကျပျက်စီးခဲ့သည့် မြို့နယ်ခန်းမနေရာတွင် နိုင်ငံတော်က မိုးလုံလေလုံအားကစားခန်းမတစ်ခု ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြို့မ (၄)ရပ်ကွက် ရွှေသွယ်ရင်လမ်းနှင့် စိန်ပန်းလမ်းထောင့်ရှိ အလျား ၃၆၅ပေ၊ အနံ ၁၀၈ပေရှိသော မြေကွက်လပ်ကို ရွေးချယ်ခဲ့သည်။

### မျက်စိပသာဒ

မြို့တော်ခန်းမ အဆောက်အအုံကြီး တည်ဆောက်ရုံသာမက ခန်းမရှေ့တွင်လည်း သာယာလှပ မျက်စိပသာဒဖြစ်စေရေးအတွက် Land Scaping အလှဆင်ခြင်း၊ ပန်းအလှစိုက်ပျိုးခြင်း၊ အင်ကြင်းကျောက်ဥယျာဉ် ပြုလုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ခန်းမဝန်းကျင်လမ်းများဖြစ်သည့် ရွှေသွယ်ရင်လမ်း၊ စိန်ပန်းလမ်းနှင့် မနော်ဟရီလမ်းတို့ကိုလည်း ၁၈ပေအကျယ် ချဲ့၍ ကတ္တရာလမ်းခင်းခြင်း၊ လမ်းဘေးရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ ခန်းမရှေ့ရှိ စိန်ပန်းလမ်းကို လမ်းဘေးဝဲယာ ဘလောက်တုံးခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ မြို့နယ်သစ်တောဦးစီးဌာနက စိန်ပန်းလမ်းနှင့် ရွှေသွယ်ရင်လမ်း လမ်းဘေးဝဲယာတို့၌ စိမ်းစိုသာယာလှပစေရန် မြက်ခင်းအလှများ စိုက်ပျိုးပေးခဲ့သည်။ မြို့တော်ခန်းမ အနီးဝန်းကျင်တွင် စိန်ပန်း၊ ခရေ၊ မဟော်ဂနီ၊ ပုန်းညက်၊ ပိတောက်၊ ကံ့ကော်၊ ပျဉ်းမစသည့် အရိပ်ရလေကာပင် ၃၃၁၇ပင် စိုက်ပျိုးပေးကာ Tree Guard များ တပ်ဆင်ပေးခဲ့သည်။ မြို့တော်ခန်းမရှေ့ Land Scaping မြက်ခင်းအစပ်များတွင်လည်း ပုဏ္ဏရိက် ၂၆၂ပင်နှင့် စိန်ပန်းလမ်းထောင့် ဘလောက်တုံးစပ်တွင် ပန်းအလှပင် ၇၄၀၀ တို့ကို စိုက်ပျိုးပေးခဲ့သည်။

### ပံ့ပိုးလှူဒါန်း

ထို့အပြင် သစ်လွင် ခံ့ညားသည့် မြို့တော်ခန်းမကြီးတွင် အဆင့်မြင့်မြင့် အသုံးပြုသွားနိုင်ရန်အတွက် ဆက်တီ၂၆လုံး၊ ခုတင်ခြောက်လုံး၊ ဗီရိုတစ်လုံး၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်အပါအဝင် LCD ရုပ်မြင်သံကြားနှစ်စုံ၊ ဆောင်းဘောက်ခြောက်လုံးပါ အသံချဲ့စက်တစ်စုံ၊ ဆိုလာမီးတိုင်တစ်တိုင်နှင့် လေအေးပေးစက်ခြောက်လုံးတို့ကိုလည်း သစ်တောရေးရာဝန်ကြီးဌာနက ပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

""ကျွန်တော်တို့ မြို့သူမြို့သားတွေအနေနဲ့ မြို့ကျက်သရေဆောင် မြို့တော်ခန်းမကြီးတစ်ခု တည်ဆောက်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝင့်ကြွားနိုင်မှာဖြစ်သလို ဒီခန်းမကြီး အစဉ်တည်တံ့နေအောင်လည်း အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြမှာပါ"" ဟုလည်း အမှတ်(၄)ရပ်ကွက်မှ ဦးအေးသန်းက ပြောပြသည်။

### စီစဉ်ဆောင်ရွက်

ခန်းမသစ်ကြီးဖြစ်တည်လာမှုနှင့်အတူ မြို့နယ်၏ မင်္ဂလာပွဲလမ်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကိုလည်း အဆင့်အတန်းရှိရှိ ခမ်းနားစည်ပင်စွာ ကျင်းပနိုင်တော့မည်ဖြစ်သည်။ အဆိုပါအခမ်းအနားများ ကျင်းပနိုင်ရုံမျှမက မြို့နယ်သို့လာရောက်သည့် အရေးကြီးပုဂ္ဂိုလ်များ တည်းခိုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

### ကျက်သရေဖြာဝေ

ယင်းကဲ့သို့ လှပခံ့ညားသည့် မြို့တော်ခန်းမကြီး ပေါ်ပေါက်လာသည့် နည်းတူ မကြာမီကာလတွင်လည်း သစ်လွင်တောက်ပသည့် မိုးလုံလေလုံ အားကစားရုံသစ်ကြီးနှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီးတို့လည်း ပေါ်ထွန်းလာတော့မည်ဖြစ်ရာ အချိုပေါ် သကာလောင်းသကဲ့သို့ မြို့ဖွံ့ဖြိုးမှုကို တိုး၍ တိုး၍ ကျက်သရေ ဖြာဝေစေတော့မည်ဖြစ်ပေသည်။

### ဖွံ့ဖြိုးလာခဲ့

ဘိုကလေးမြို့ရှိ အမှတ်(၁)ရပ်ကွက်ကို စစ်ကုန်းဟု ယနေ့တိုင် ခေါ်ဝေါ်လျက်ရှိသည်။ မွန်တပ်မှူး ဗိုလ်ကလေး တပ်စွဲနေထိုင်ခဲ့ရာဒေသဖြစ်၍ စစ်ကုန်းဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကျုံတုံးမြို့ပျက်ကြီးမှ မွန်၊ မြန်မာ တိုင်းရင်းသားများ လာရောက်ပြောင်းရွှေ့ နေထိုင်လာကြသဖြင့် ရွာတန်းရှည်ကြီး ဖြစ်လာခဲ့သည်။ ၁၇၅၇ခုနှစ်မှစ၍ မွန်တပ်မှူးဗိုလ်ကလေး တည်ထောင်ခဲ့သော ဗိုလ်ကလေးရွာတန်းရှည်သည် ၁၉၇၂ခုနှစ်တွင် အိမ်ကြီးရခိုင်များ၊ လမ်းကြီးလမ်းငယ်များစွာတို့ဖြင့် မြို့ပြအဆင့်သို့ တိုးမြှင့်ရောက်ရှိလာခဲ့သည်။ ၁၉၉၀ပြည့်လွန်နှစ်ပိုင်းကာလများတွင်မူကား မြို့နေပြည်သူများ၏ လူမှုစီးပွားဘဝ အခြေအနေသည် မြင့်မားသည်ထက်မြင့်မား၊ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာခဲ့သည်။

### ပူးပေါင်းပါဝင်

သို့သော် ယင်း ဖွံ့ဖြိုးတိုးတက်မှုများမှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လုံးဝနီးပါး ဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရသည်။ သုညဒီဂရီအောက်သို့ ကျရောက်ခဲ့ရသည်။ အစစအရာရာ တစ်မှပြန်လည်စတင်ရသည့် ကာလဆိုးတွင် နိုင်ငံတော်၏ လိုအပ်သမျှ ပံ့ပိုးစီမံဆောင်ရွက်ပေးမှု၊ အလှူရှင်အဖွဲ့အစည်းများနှင့် မြို့သူမြို့သားများ၏ ပူးပေါင်းပါဝင် ကူညီမှုတို့ကြောင့် ကာလတိုအတွင်းမှာပင် ပြန်လည်နာလန်ထူနိုင်ရုံမျှမက ပို၍ပင် ဖွံ့ဖြိုးလာခဲ့ပေသည်။ ဘိုကလေးမြို့သည်ကား ပြာပုံထဲမှ ရတ်ချည်းနိုးထ ပျံသန်းနိုင်ခဲ့သော ဖီးနစ်ငှက်ပမာပင် ဖြစ်ပေတော့သည်။ ။

(မြန်မာ့အလင်း)



**ဘိုကလေးမြို့မြင်ကွင်း** ဖွံ့ဖြိုးစည်ပင်လျက်ရှိသော ဘိုကလေးမြို့၏ မြင်ကွင်းကို ဝေဟင်မှ တွေ့ရစဉ်။

# Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး ကွာတားဖိုင်နယ်ပွဲစဉ်များပြီးစီး အထူးစိန်ခေါ်ပွဲတွင် ဝါးရင်းတုတ်ဖိုးကေက ဝင်းထွန်းကို လက်သီးစွမ်းပြပြီးအနိုင်ယူ

## ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပဦးမည်

**သတင်းဆောင်းပါး-ဇင်လင်းထွန်း(နေမြဲ)၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း(မြန်မာ့အလင်း)**

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Groupနဲ့T & T Groupတို့ပူးပေါင်းစီစဉ်တဲ့ Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး(၂၀၁၀)ကွာတားဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏမှာ ဆက်လက်ကျင်းပခဲ့ပါတယ်။ ဝိတ်တန်း သုံးတန်းပြိုင်ပွဲများကျင်းပခဲ့ပြီး နောက်ဆုံး အထူးစိန်ခေါ်ပွဲကြီးမှာတော့ ဝါးရင်းတုတ်ဖိုးကေ (မန္တလေး)က ဝင်ထွန်း (လယ်ယာ/ဆည်မြောင်း) ကို စတုတ္ထအချီ ၂ မိနစ်၂၄စက္ကန့်မှာ အနိုင်ယူပြီး ရှုံးကြေးဆပ်နိုင်ခဲ့ပါတယ်။

### ပထမအကြိမ်

ဖိုးကေနဲ့ ဝင်းထွန်းတို့ ပထမအကြိမ်ဆုံခဲ့တဲ့ မွန်ပြည်နယ် ရေးမြို့နယ် သောင်ပြင်ကျေးရွာပွဲမှာ ဝင်းထွန်းက ဖိုးကေကို စတုတ္ထအချီမှာ အနိုင်ယူခဲ့သလို ဒီပွဲမှာလည်း ဖိုးကေက စတုတ္ထအချီနဲ့ အနိုင်ရယူခဲ့တာမို့ ကြွေးစာရင်းရှင်းပြီး သွားပါပြီ။ ဒါတောင်မှ ပထမ အချီမှာ ဝင်းထွန်းရဲ့ ညာခြေ အမြင့်ကန်ချက်ကြောင့် ဖိုးကေ ကြမ်းပြင်ပေါ်မှောက်ကျသွားပြီး အမှတ်စဉ်အရေခံလိုက်ရပါသေးတယ်။ ဝင်းထွန်းက ညာခြေအမြင့်ကန်ချက် အပိုင်သုံးပြီး ပွဲဖြတ်ဖို့ တိုင်ပင်စောင့်ပေမယ့် ပျဉ်ဖိုးနားလည်သွားတဲ့ ဖိုးကေက ဝင်းထွန်းရဲ့ တိုင်ပင်ထဲကို မဝင်တော့ဘဲ ညာပတ်ခြေ အပြင်းကန်ရင်း လက်သီးတွဲလုံး ဆက်လိုက်သလို လက်သီးတွဲလုံး ထိုးပြီး ညာပတ်ခြေ ဆက်လိုက်တဲ့ နည်းစနစ်ကိုသုံးပါတယ်။

### ရှောင်တိမ်း

ဝင်းထွန်းက ဘယ်ထောက်ထိုးရင် ဖိုးကေကလည်း အပြိုင်ထိုး၊ ဝင်းထွန်း အမြင့်တင်ရင် ဖိုးကေက အပြိုင်လုပ်တာကြောင့် ဝင်းထွန်းဟာ အားကိုချွေတာလို့ မရတော့ဘဲ ဒုတိယအချီမှာ ပွဲဖြတ်ဖို့ ကြိုးစားရပါတော့တယ်။ ဘယ်ထောင့်ချင်းဆိုင်ရင် အရပ်မြင့်ပြီး လက်တံရှည်တဲ့ ဖိုးကေကို ဝင်းထွန်း မယှဉ်သာဘူးဖြစ်နေတယ်။ ဝင်းထွန်းရဲ့ ဖေးဘရိတ်ပွဲသိမ်းနိုင်စွမ်း မရှိတော့ဘူးဆိုတာသိတဲ့ ဖိုးကေက နိုင်ကွဲခတ်သလို ဖိတိုက်တဲ့အခါ ဝင်းထွန်း အမှတ်စဉ် အရေခံရတဲ့အပြင် ၅၇စက္ကန့်မှာ အနားတောင်းရပါတော့တယ်။ ပြန်တည်တော့လည်း အပြိုပြိုအလဲလဲ ဖြစ်နေပြီး ဖိုးကေရဲ့ တိုက်စစ်အောက်



လိုက်ဝိတ်တန်းပြိုင်ပွဲတွင် စိုးလင်းဦး(တောင်ကလေး) ညာခြေကန်ချက်က ဒေါနအောင်(မြို့တော်စည်ပင်)ဗိုက်ကို ထိမိထားစဉ်။

ညာပင့်လက်သီးကို ဖိုးကေက သတိထား ရှောင်တိမ်းပြီး အားပါတဲ့ ဘယ်ညာလက်သီးတွဲနဲ့ ညာပတ်ခြေလိုက်ပါတယ်။ ဖိုးကေဟာ ပထမအကြိမ်ကလို ငြိမ်မနေဘဲ မနားတမ်းဖိအားပေးတဲ့အခါ တတိယအချီမှာ ဝင်းထွန်း သိသိသာသာ သက်လုံကျလာပါတော့တယ်။ ဝင်းထွန်းက တစ်လုံးကောင်း စောင့်ထိုးချင်ပေမယ့် ဖိုးကေ အားသုံးပြီး အတင်းဝင်တဲ့အခါ ထောင့်ပိတ်မိပြီး မလူးသာ မလွန့်သာ ဖြစ်ရပါတယ်။

### အရှုံးပေး

စတုတ္ထအချီမှာတော့ ဝင်းထွန်းရဲ့ ထိုးချက်ကန်ချက်တွေက သူ့ကို ပွဲသိမ်းမှာ သတ်ကွက် ပျောက်သွားပါတယ်။ အဓိကကတော့ သုံးချီမင်းသား ဝင်းထွန်းဟာ ဖိုးကေကို သက်လုံနဲ့ ပါဝါချင်း မယှဉ်နိုင်တာပါပဲ။ ဒါကြောင့် စတုတ္ထအချီ ၂ မိနစ် ၂၄ စက္ကန့်မှာ အမှတ်စဉ်အရေခံရတဲ့အခါ ထိုင်လျက်ကသာ နာခံပြီး အရှုံးပေးလိုက်ပါတော့တယ်။ ပြန်ထရင်လည်း စတုတ္ထအချီ တစ်ချီတည်းမှာ အနားတောင်းအပါအဝင် အမှတ်စဉ် သုံးကြိမ်ပြည့်သွားပြီမို့ ပြန်ယှဉ်နိုင်ဖို့ အခွင့်အရေးမရှိတော့ပါဘူး။ ဖိုးကေကို မန္တလေးက ရွှေပွင့်ဖြူ ဦးဇော်ဇော်က ပွဲမစမီ ဆုငွေကျပ်တစ်သိန်းအပြင် ပွဲအပြီးမှာ ဆုငွေကျပ်ငါးသိန်း ထပ်မံချီးမြှင့်ပါသေးတယ်။

ရွှေခါးပတ်လုပွဲ ကွာတားဖိုင်နယ် လိုက်ဖလိုင်းဝိတ် (၄၈ကီလို)တန်းမှာတော့ လက်ရှိချန်ပီယံ မိုးသီး(တောင်ကလေး) က သားကချင် (ဘီလပ်မြေစက်ရုံ)ကို စတုတ္ထအချီ ၃၉စက္ကန့်မှာ နောက်ပြန်ဖနောင့်ကန်ချက်နဲ့ ပွဲသိမ်းလိုက်ပြီး အောင်စစ်မင်း(မျိုးဆက်သစ်)က နေစိုးအောင်(ဖလုံပညာတဝေါင့်)ကို တတိယအချီမိနစ် ၃၂ စက္ကန့်မှာ ဘယ်ပင့်ဒူးနဲ့ပွဲသိမ်းလိုက်ပါတယ်။ ဖလိုင်းဝိတ်(၅၁ကီလို)တန်းမှာ ခိုင်လင်းဦး (တောင်ကလေး)က ၂၀၀၆နဲ့၂၀၀၇ချန်ပီယံဖြစ်ခဲ့တဲ့ ရွှေပြည်ဖုံ(ဘီလပ်မြေစက်ရုံ)ကို အမှတ် ၃-၂နဲ့ အနိုင်ရရှိသွားပါတယ်။

### လိုက်ဝိတ်တန်း

လိုက်ဝိတ်(ကီလို ၆၀)တန်းမှာ စောဖိုးချစ်(အဖြူရောင်သွေးသစ်)ကို မောင်မောင် (ဘီလပ်မြေစက်ရုံ)က ဒုတိယအချီ ၂မိနစ် ၂၄ စက္ကန့် အရောက် နောက်ပြန်လှန်ပေါက်ချပြီး ပွဲသိမ်းလိုက်သလို ကိုဦးလေး (မိုးမင်းမောင်)က ဟိန်းညီညီ(အလင်းရောင်) ကို ဒုတိယအချီ ၂၉စက္ကန့်မှာ ညာဒူးဆင့်တိုက်ပြီး ပွဲသိမ်းလိုက်ပါတယ်။ ဒေါနအောင် (အဖြူရောင်သွေးသစ်)နဲ့ စိုးလင်းဦး (တောင်ကလေး)တို့ပွဲကတော့ သမ္ဘာဂုဏ်နဲ့ ငယ်ဂုဏ်တို့ ပြိုင်တဲ့ပွဲပါ။ ပထမအချီမှာ ဒေါနအောင်ရဲ့ ညာပင့်ကြောင့် စိုးလင်းဦး အမှတ်စဉ် အရေခံရပေမယ့် စိုးလင်းဦးရဲ့ ငယ်ဂုဏ်နဲ့ သက်လုံကောင်းမှုကို ဒေါနအောင် မယှဉ်နိုင်ဘဲ ပွဲအပြီးမှာ အမှတ် ၅-၀ နဲ့ ရှုံးသွားပါတယ်။

### သတ်မှတ်

လာမယ့် ဩဂုတ် ၂၁ရက်နဲ့ ၂၂ရက် (စနေ၊ တနင်္ဂနွေ)မှာ Royal Club ရွှေခါးပတ် ချန်ပီယံ ဆီမီးဖိုင်နယ်ပွဲစဉ်တွေ ဆက်လက်ကျင်းပဦးမှာဖြစ်ပြီး ရုံဝင်ကြေး ရိုးရိုးတန်းကျပ်၄၀၀၀၊အထူးတန်းကျပ်၇၀၀၀ သတ်မှတ်ထားပါတယ်။ ။(**မြန်မာ့အလင်း**)

---

## မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

မြင့်မောင်စိုး-စုစည်းရေးသားသည်



### ပေါ်တူဂီ၌တောမီးလောင်မှု ၂၆နေရာဖြစ်ပွားနေ

လစ္စဘွန်း ဩဂုတ် ၁၅

ပေါ်တူဂီနိုင်ငံ နေရာသုံးနေရာ၌ ကြောက်မက်ဖွယ်ကောင်းသည့် တောမီးလောင်မှု ၂၆နေရာ၌ ဖြစ်ပွားလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင် ၆၀၀ ကျော်တို့က မီးငြိမ်းသတ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တောမီးလောင်မှုအချို့မှာ စင်ထရာမြို့အနီးမှ စပိန်မြောက်ပိုင်းအထိ လောင်ကျွမ်းနေကြောင်း၊ တောမီးလောင်မှုအချို့မှာ ရက်အတန်ကြာပြီဖြစ်သော်လည်း ငြိမ်းသတ်နိုင်စွမ်းမရှိသေးကြောင်း၊ ယခုအခါ ပေါ်တူဂီနိုင်ငံတစ်ဝန်း တောမီးလောင်ကျွမ်းမှုများကို မီးသတ်ယာဉ် ၇၆စီးနှင့် ရဟတ်ယာဉ်နှစ်စင်း အသုံးပြုကာ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)



### အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများဖြစ်ပွား အနည်းဆုံး ၁၈ ဦးသေဆုံးပြီး ၂၀ဒဏ်ရာရခဲ့

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံတစ်ဝန်းတွင် ဩဂုတ်၁၅ရက် နံနက်ပိုင်းက သီးခြားစီ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၈ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများသည် ဘာဘီးလ်ပြည်နယ် ဂျက်ဖ်အယ်ဆာကာမြို့၌ဖြစ်ကြောင်း၊ ယင်းဒေသသည် အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှု အဆိုးရွားဆုံးမြို့ဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အခြားလူ ၂၀ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

---

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### အန္တရာယ်ရှိအဆောက်အအုံ ဖျက်သိမ်းပေးစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး (က+ဂ)ရပ်ကွက် ၁၅၅လမ်းရှိ အိမ်အဆောက်အအုံနှစ်လုံးကို စည်ပင်သာယာရေးအဖွဲ့မှ အန္တရာယ်ရှိ အဆောက်အအုံအဖြစ် ဆိုင်းဘုတ်ကပ်၍ သတ်မှတ်ထားသော်လည်း ယနေ့အထိ ဖြိုဖျက်ပြုပြင်ခြင်းမရှိဘဲ လူများနေထိုင်လျက်ရှိရာ ပြိုကျပျက်စီးပါက ပတ်ဝန်းကျင်ရှိလူများပါ အန္တရာယ်ရှိနေပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

### ရေမြောင်းများပိတ်ဆို့မှုကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

လှိုင်သာယာမြို့နယ် အမှတ် (၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမကြီး မီးခွက်ဈေးတံတားအောက်တွင် ရေစီးရေလာများပိတ်ဆို့နေပါသဖြင့် ရပ်ကွက်အတွင်းရှိ ရေမြောင်းများမှာ ရေစီးဆင်းမှုမရှိဘဲ အနံ့အသက်ဆိုးများထွက်လျက်ရှိရာ ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေး စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

**မီးခွက်ဈေးသား**

### စားသောက်ဆိုင်မှအညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းမနှင့် ရွှေဘုန်းပွင့်ဘုရားလမ်းထောင့်ရှိ စားသောက်ဆိုင် တစ်ဆိုင်သည် အချိန်သတ်မှတ်မှုမရှိဘဲ နေ့ည ကြော်လှော်ချက်ပြုတ်ရောင်းချနေရာ ငှင်းညော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ညော်နံ့မခံနိုင်သူများ**

### ရပ်ကွက်အတွင်း အထည်ချုပ်လုပ်ငန်း ဖယ်ရှားပေးစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၂)ရပ်ကွက် စံရိပ်ငြိမ်(၆)လမ်းသွယ်ရှိ အိမ်တစ်အိမ်တွင် အထည်ချုပ်လုပ်ငန်းသည် လူနေရပ်ကွက်အတွင်း နံနက် ၈နာရီမှ ညဉ့်နက်ပိုင်းအထိ လုပ်ကိုင်လျက်ရှိရာ ၎င်းအလုပ်ရုံမှ စက်သံ၊ လူသံ၊ ဆူညံသံများကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် အထည်ပိတ်လိပ်များ၊ အထည်ဖြတ်စညှပ်စများ သိုလှောင်ထားသည့်အတွက် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသောကြောင့် အဆိုပါလုပ်ငန်းကို လူနေ ရပ်ကွက်အတွင်းမှ သင့်တော်ရာသို့ ဖယ်ရှားပေးပါရန် တင်ပြပါသည်။

**လမ်းသူလမ်းသားများ**

### ညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၂၀-၇-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လားရှိုးမြို့ သုခလမ်း သိန်းနီလမ်းထောင့်ရှိ စားသောက်ဆိုင်မှ ဘဲကင်ညော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း ကွင်းဆင်းကြပ်မတ်စစ်ဆေး ဆောင်ရွက်ပြီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

### ရေမြောင်းပိတ်ဆို့မှု ရှင်းလင်းပြီး

၃-၅-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဝန်းသိုမြို့မဈေးအနောက်ဘက် (E)တန်းလျားရှေ့ရှိ ရေမြောင်းသည် ရေစီးဆင်းမှုမရှိဘဲပိတ်ဆို့နေပြီး အနံ့ဆိုးများထွက်နေပါသဖြင့် ပတ်ဝန်းကျင်မခံနိုင်** ပေးစာကဏ္ဍနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

### ညော်နံ့နှင့် ရေဆိုးများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရောဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ပေ ၁၅၀ ခန့်အကွာတွင်ရှိသော စပါးခွံ အင်ဂျင်သုံးဆန်စက်တစ်လုံးသည် နေ့ည လည်ပတ်လျက်ရှိရာ ၎င်းဆန်စက်မှ ထွက်ရှိလာသော ညော်နံ့နှင့် ရေဆိုးများကြောင့် ရပ်ကွက်အတွင်းရှိပြည်သူများ ကျန်းမာရေး ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အညော်နံ့မခံနိုင်သူ**

### လူကူးမျဉ်းကျား ရေးဆွဲပေးပါ

အင်းစိန်မြို့နယ် ဖော့ကန် အောက်မင်္ဂလာဒုံလမ်းမကြီးပေါ်ရှိ အမက(၂၆) ကျောင်းရှေ့တွင် ယာဉ်အသွားအလာ များပြားသောကြောင့် ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် **'ကျောင်းရှိသည်'** ဆိုင်းဘုတ်တပ်ဆင်ပေးပါရန်နှင့် လူကူးမျဉ်းကျားရေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

**ယာဉ်အန္တရာယ်ကင်းလိုသူ**

### ငါးပိအနံ့ဆိုးများ ရှင်းလင်းဆောင်ရွက်ပြီး

၂၆-၇-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် **တောင်ငူမြို့ အမှတ်(၂)ရပ်ကွက်၌ ငါးပိနံ့များကြောင့် ပတ်ဝန်းကျင်အိမ်များရှိ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးထိခိုက်လာရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဖယ်ရှား ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

16-8 (11).pmd 1 8/16/2010, 2:31 AM

# ချယ်လ်ဆီးတို့ ဂိုးဒါဇင်ဝက်သွင်းပြီး အောင်ပွဲစတင်

❖ စုစည်းရေးသားသူ-မောင်မောင်မြင့်ဆွေ ❖ ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် ❖

လန်ဒန် ဩဂုတ် ၁၅

**၂၀၁၀-၂၀၁၁ ခုနှစ် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်များကို စတင်ကစားနေပြီဖြစ်ရာ ဩဂုတ် ၁၅ရက်က ကစားသည့် ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ချယ်လ်ဆီးက ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး လက်ရှိ ပရီမီယာလိဂ် ချန်ပီယံခြေစွမ်းကို ပြနိုင်ခဲ့သည်။**



ချယ်လ်ဆီးအသင်းသားများ ဂိုးသွင်းအပြီး အောင်ပွဲခံစဉ်။

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီသည် အနယ်လ်ကာ၊ ဒရော့ဘာနှင့် မာလူဒါ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့သည်။ ဝက်စ်ဘရွန်းကလည်း မိုရစ်ဆန်၊ သောမတ်၊ ဒိုရန်နှင့် ရော်မန်ဘီတနာတို့အားဖြင့် ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သည်။

**ဖိကစားခဲ့**

ပွဲစတင်သည်နှင့် ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ဝက်စ်ဘရွန်းကို ကစားကွက် အသာစီးဖြင့် ဖိကစားနိုင်ခဲ့သည်။ ပွဲချိန် ခြောက်မိနစ်၌ပင် ဒရော့ဘာအလွတ် တည်ကန်ဘောမှတစ်ဆင့် မာလူဒါက သွင်းယူခဲ့ရာမှ အဖွင့်ဂိုး စောစီးစွာရရှိခဲ့သည်။

ချယ်လ်ဆီးတို့ ဆက်တိုက်ဖိကစားခဲ့ရာ ဝက်စ်ဘရွန်းနောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်ထားနိုင်ခဲ့သည်။ လမ်းပတ်နှင့်အက်ဆီယံတို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကာ တိုက်စစ်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မှုကြောင့် ချယ်လ်ဆီးတို့ ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့သည်။

ပွဲချိန် ၄၄မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဒရော့ဘာ တိုက်ရိုက်ကန်သွင်းယူခဲ့ရာ ဝက်စ်ဘရွန်းဂိုးသမား ကာကွယ်သော်လည်း နောက်ကျခဲ့သဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်း ပွဲချိန်အတွင်း ချယ်လ်ဆီးတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ချယ်လ်ဆီးတို့ ဒုတိယပိုင်း၌လည်း ဝက်စ်ဘရွန်းကို ဆက်တိုက်ဖိအားပေးကစားခဲ့ရာ ဒရော့ဘာ၊ အနယ်လ်ကာ၊ မာလူဒါတို့ကန်ချက်များကို ဝက်စ်ဘရွန်း နောက်တန်းခံစစ်မှူးများ ကြိုးစားဟန့်တားနေခဲ့ရသည်။ ဒုတိယပိုင်း ပွဲချိန် ၅၅မိနစ်၌ မာလူဒါ ဂိုးရှေ့သို့ တင်ပေးလိုက်သည့် ဘောလုံးကို တယ်ရီခေါင်းတိုက်ပြီး ကျလာသည်ကို ဒရော့ဘာ အနီးကပ်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ တတိယဂိုး ရရှိခဲ့ပြန်သည်။

**စတုတ္ထဂိုး**

ဝက်စ်ဘရွန်းတို့ ချေပဂိုးများသွင်းယူနိုင်ရေး ကြိုးစားသော်လည်း ကွင်းလယ်၌ ဘောလုံးအပျက်များနေသည့်အပြင် ချယ်လ်ဆီးခံစစ်ကြောင်းကိုလည်း ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။ ချယ်လ်ဆီးတို့ ဂိုးများဆက်တိုက် သွင်းယူနိုင်ရေး ဖိကစားခဲ့ရာ ပွဲချိန် ၆၁ မိနစ်၌ အက်ရှ်လေကိုးခင်းပေးလိုက်သည့် ဘောလုံးကို လမ်းပတ်က သွင်းယူလိုက် ပြန်သဖြင့် ချယ်လ်ဆီးတို့ စတုတ္ထဂိုးရရှိခဲ့သည်။

**ဂိုးသွင်းယူ**

ချယ်လ်ဆီးတို့ မပြတ်တမ်း တိုက်စစ်ဆင်မှုကြောင့် ဝက်စ်ဘရွန်းတို့ ကစားကွက်တည်မရဘဲ ဖြစ်ခဲ့ရာမှ ၆၄မိနစ်၌ အက်ရှ်လေကိုးဖြတ်ပေးလိုက်သည့်ဘောလုံးကို ဒရော့ဘာကပင် အနီးကပ်သွင်းယူလိုက်သဖြင့် ချယ်လ်ဆီးတို့ ပဉ္စမဂိုးရရှိခဲ့သည်။

ဒရော့ဘာလည်း ဟက်ထရစ်ရရှိခဲ့သည်။ ဝက်စ်ဘရွန်းတို့ ၁၁ကြိမ် ကန်သွင်းခွင့်ရပြီး အပိုင်ဂိုးသွင်းခွင့် တစ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ချေ။ ပွဲချိန်ပြည့်ခါနီး မိနစ် ၉၀၌ ဂိုးဧရိယာအတွင်းမှနေ၍ မာလူဒါက အနီးကပ်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ။ **ကိုးကား - အင်တာနက်**

အာကာကျော် - ရေးသားသည်

# မန်ယူတိုက်စစ်မှူးရွန်နေ ပုံမှန် ဂိုးသွင်းစွမ်းရည် မပြနိုင်



**လန်ဒန် ဩဂုတ် ၁၅**

မန်ယူတိုက်စစ်မှူး ရွန်နေသည် စက်တင်ဘာလဆန်းပိုင်းတွင် ပုံမှန်ခြေစွမ်းဖြင့် ပွဲထွက်ကစားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ပြောကြားသည်။

**ကြိုးစား**

လွန်ခဲ့သောသီတင်းပတ်အလယ်က အင်္ဂလန်အသင်းက ဟန်ဂေရီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပြိုင်ပွဲတွင် ရွန်နေ၏ခြေစွမ်းမှာ ကျနေသည်။ ၎င်းသည် မတ်လနောက်ပိုင်းတွင် ပထမဆုံးဂိုးကို သွင်းယူရန် အတော်ကြိုးစားနေရသည်။

**ယုံကြည်**

တိုက်စစ်မှူးရွန်နေသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ လည်းကောင်း၊ ရာသီအကြိုခြေစမ်းပွဲများ၌ လည်းကောင်း ဂိုးမသွင်းနိုင်ဘဲရှိသည်။ အသက် ၂၄နှစ်အရွယ်ရှိ တိုက်စစ်မှူး ရွန်နေသည် ပရီမီယာလိဂ်ပြိုင်ပွဲများနှင့် ရာသီအစပြိုင်ပွဲများတွင် ပုံမှန်ခြေစွမ်းပြ ကစားလာနိုင်လိမ့်မည်ဟု နည်းပြကာပယ်လိုက ယုံကြည်ထားသည်။ **(အင်တာနက်)**



# တိုရွန်တိုတင်းနစ်ပြိုင်ပွဲ အင်ဒီမာရေးဗိုလ်လုပွဲတက်

**တိုရွန်တို ဩဂုတ် ၁၅**

ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကစားသည့် ရော်ဂျားစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် စပိန်မှ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်အား နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ လက်ရှိချန်ပီယံ အင်ဒီမာရေးသည် ၆-၃၊ ၆-၄ဖြင့် ရာဖေးလ်နာဒယ်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ မာရေးသည် ယင်းပြိုင်ပွဲ၌ အနိုင်ရလိုက်သဖြင့် ကမ္ဘာ့အဆင့် (၂) ရော်ဂျာဖက်ဒရဲယားနှင့် ဗိုလ်လုပွဲ ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

# စင်စင်နာတီဖလားတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ ဗိုလ်လုပွဲကစားမည်



အိုဟိုင်းယိုး ဩဂုတ် ၁၅

**အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီ၌ ယှဉ်ပြိုင်ကစားလျက်ရှိသည့် ဒဗလျူတီအေ စင်စင်နာတီတင်းနစ်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံမှ ယူအက်စ်အိုးပင်း ချန်ပီယံ ကလစ္စတားနှင့် ရုရှားတင်းနစ်မယ် ရှာရာပိုဗာတို့သည် ဗိုလ်လုပွဲသို့ တက်ရောက် လာသည်။**

**တက်ရောက်**

**ကလစ္စတားသည် အကြိုဗိုလ်လုပွဲတွင် ၎င်းနှင့်ယှဉ်ပြိုင်ရမည့် ဆားဘီးယားတင်းနစ်မယ် အီဗာနိုဗစ် ခြေထောက်ဒဏ်ရာရ၍ အနားယူခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် ၁၀မိနစ်သာ ကစားခဲ့ရသည်။**

**ရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသူ ပက်ဗလူချန်ကိုဗာအား ၆-၄၊ ၃-၆၊ ၆-၂ ဖြင့် နှစ်နာရီခွဲကြာအောင် အကြိတ်အနယ်ကစားခဲ့ပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။**

(အင်တာနက်)



■ *ကျော်ဖုံးမှအဆက်*

**မာရီလီဆာဂီဘီဆန်(ဗင်နီဇွဲလားအလှမယ်)**



**ဗင်နီဇွဲလားအလှမယ်**

**၂၀၁၀ခုနှစ် မယ်စကြဝဠာအဖြစ် ရေပန်းစားနေသည့် ဗင်နီဇွဲလားအလှမယ်၏ ရွှင်လန်းတက်ကြွနေသည့် ဟန်ပန်။**

(အင်တာနက်ဓာတ်ပုံ)

**မေး**။ ။ ပြင်ဆင်မှုတွေပြည့်စုံပြီလား။

**ဖြေ**။ ။ ဗင်နီဇွဲလား အလှမယ်အဖြစ် ၂၀၁၀ခုနှစ်အတွက် ရွေးချယ်ခံရပြီးကတည်းက ဒီပြိုင်ပွဲဝင်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေပါပြီ။

**မေး**။ ။ အသက်ဘယ်လောက်ရှိပြီလဲ။ ဒါပထမဆုံးဝင်ပြိုင်တာလား။

**ဖြေ**။ ။ အသက် ၂၁နှစ်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ဝင်ပြိုင်တာဖြစ်ပါတယ်။

**မေး**။ ။ မိသားစုဝင်တွေကိုပြောပြပါဦး။

**ဖြေ**။ ။ မိဘနှစ်ပါး၊ အဘွား၊ အစ်ကိုတစ်ဦးနဲ့အသက် ၁၅နှစ်အရွယ်ရှိတဲ့ ညီမတစ်ဦးရှိပါတယ်။ မိဘနှစ်ပါးစလုံးနဲ့ အဘွားက ဒီပြိုင်ပွဲအတွက် လှိုက်လှိုက်လှဲလှဲ အားပေးတယ်။ ဝိုင်းဝန်းကူညီကြပါတယ်။

**မေး**။ ။ ဘာသာစကား ဘယ်နှမျိုးပြောနိုင်ပါသလဲ။

**ဖြေ**။ ။ စပိန်၊ အင်္ဂလိပ်၊ ပြင်သစ်နဲ့ ဆွီဒင်စကားတွေပြောနိုင်ပါတယ်။ ဒါ့အပြင် မက္ကဆီကိုစကားလည်း အထိုက်အလျောက်တော့ ပြောတတ်ပါတယ်။

**မေး**။ ။ ဒီပြိုင်ပွဲဝင်ဖို့ မျက်နှာနဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ခွဲစိတ်ပြုပြင်မှု လုပ်ခဲ့သေးလား။

**ဖြေ**။ ။ မလုပ်ခဲ့ပါဘူး၊ ဗင်နီဇွဲလားအလှမယ်ရွေးချယ်ရေးအဖွဲ့ကလည်း ခွင့်မပြုပါဘူး။

**မေး**။ ။ ပညာရေးနဲ့ ဝါသနာကိုလည်း ပြောပါဦး။

**ဖြေ**။ ။ ဗင်နီဇွဲလားနိုင်ငံ စင်ထရယ်ဒီကာရာကတ်စ် တက္ကသိုလ်က ဗိသုကာပညာရပ်နဲ့ ဘွဲ့ရပြီးပါပြီ။ အခုဆက်ပြီးတော့လည်း အဲဒီပညာရပ်ဆိုင်ရာ အချက်အလက်တွေကို လေ့လာနေပါတယ်။ ဝါသနာကတော့ စာဖတ်မှု၊ ရေကူးမှုနဲ့ အားကစားပါပဲ။ နောက်ပြီးကလေးငယ်တွေကို အသိပညာဗဟုသုတရစေမယ့် လုပ်ငန်းတွေတတ်နိုင်သလောက် ပြုလုပ်နေပါတယ်။

**မေး**။ ။ ယောကျ်ားလေးမိတ်ဆွေ ရှိနေပြီလား။

**ဖြေ**။ ။ ရှိတာပေါ့။ အင်ဂျင်နီယာတစ်ဦးပါပဲ။ ဗင်နီဇွဲလား ဗိသုကာဗျူရိုမှာ အလုပ်လုပ်နေသူပါ။ ဒီပြိုင်ပွဲအတွက်လည်း အမြဲတမ်းအားပေးပြီး အနီးကပ်အကူအညီပေးနေသူဖြစ်ပါတယ်။

**မေး**။ ။ နောက်ဆုံးပြိုင်ပွဲအတွက်ရင်ခုန်နေပြီလား။

**ဖြေ**။ ။ ဟုတ်တယ်။ ဒီပြိုင်ပွဲမှာ ရွေးချယ်ခံရချင်တယ်။ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပေမယ့် ရင်ခုန်စရာတော့ ကောင်းပါတယ်။ ပြိုင်ဘက်တွေအားလုံးက နိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်တွေဖြစ်ပြီး အလှဆုံး၊ ထက်မြက်မှုအရှိဆုံးဆိုတော့ တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ ပြိုင်ပွဲပါ။ ဒါပေမယ့် ယုံကြည်မှုအပြည့်ရှိပါတယ်။ **(အင်တာနက်)**



အာကာဟိန်း - ရေးသားသည်

# စင်ကာပူလူငယ် အိုလံပစ်အားကစားပွဲတော်စတင် ဂျပန်ဆယ်ကျော်သက် အားကစားမယ် ရွှေတံဆိပ်ဆွတ်ခူး



*စင်ကာပူ ဩဂုတ် ၁၅*

*၂၀၁၀ခုနှစ် လူငယ်အိုလံပစ်အားကစားပွဲတော်ကို ဩဂုတ် ၁၄ရက်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၁၅ရက်၌ ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်နေကြပြီ ဖြစ်သည်။*

*စင်ကာပူလူငယ် အိုလံပစ်အားကစားပွဲတော်၌ ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးသည့် ဆယ်ကျော်သက်အားကစားမယ်လည်း ပေါ်ထွက်ခဲ့သည်။*

*ပါဝင်ဆင်နွှဲ*

*စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ၂၀၁၀ လူငယ်အိုလံပစ်ပွဲတော်သို့ နိုင်ငံတကာမှ အားကစားမောင်မယ်ပေါင်း ၃၅၀၀ကျော် ပါဝင်ဆင်နွှဲလျက်ရှိကြသည်။ နိုင်ငံတကာမှ အသက် ၁၄နှစ်မှ ၁၈နှစ်အရွယ် လူငယ်အားကစားသမား မောင်မယ်များက အားကစားနည်းပေါင်း ၂၆မျိုးကို ပါဝင်ဆင်နွှဲနေကြပြီ ဖြစ်သည်။*

*ရွှေတံဆိပ်*

*စင်ကာပူလူငယ်အားကစားပွဲတော်၏ ပထမဆုံးနေ့တွင် ဂျပန်နိုင်ငံမှ အသက် ၁၈နှစ်အရွယ် ယူကာဆာတိုက သုံးမျိုးစုံပြေးခုန်ပစ်ပြိုင်ပွဲ၌ ပထမဆု ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။*

*ဆက်လက်ယှဉ်ပြိုင်*

*ယူကာဆာတိုသည် သုံးမျိုးစုံ ပြေးခုန်ပစ်ပြိုင်ပွဲအဖြစ် မီတာ ၇၅၀ ရေကူး၊ ကီလိုမီတာ ၂၀ စက်ဘီးစီးနှင့် ၅ကီလိုမီတာ အပြေးပြိုင်ပွဲ၌ ၁နာရီ ၄၉ စက္ကန့်ဖြင့် ဗိုလ်စွဲကာ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ (အပေါ်ပုံ) ယင်းရွှေတံဆိပ်သည် စင်ကာပူလူငယ်အားကစားပွဲတော်၌ ပထမဆုံး ရွှေတံဆိပ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဩစတြေးလျမှ အားကစားမယ် အီလီဆယ်ဟိုစီက ၁နာရီ ၁မိနစ် ၆၄ စက္ကန့်ဖြင့် ဒုတိယနှင့် အမေရိကန်အားကစားမယ် ကီလီဝစ်လေက ၁နာရီ ၁မိနစ် ၁၃စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ စင်ကာပူလူငယ်အိုလံပစ် အားကစားပွဲတော် အကြိုဗိုလ်လုပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။ (အင်တာနက်)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း | မယ်စကြဝဠာပြိုင်ပွဲ | မိုးမြင့်လင်းလက်-ရေးသားသည်

## မယ်စကြဝဠာပြိုင်ပွဲဝင်များနှင့် တစ်ခဏတာ....

လက်ဗီးဂတ်စ် ဩဂုတ် ၁၅

အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်မြို့၌ ၂၀၁၀ခုနှစ် မယ်စကြဝဠာအလှမယ်ရွေးချယ်ပွဲကို ဩဂုတ် ၂၃ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု အလှမယ်ပေါင်း ၈၂ဦးလည်း လက်ဗီးဂတ်စ်မြို့သို့ ရောက်ရှိနေပြီး ကြိုတင်ပြင်ဆင်မှု၊ အစမ်းလေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ၂၀၁၀ခုနှစ် မယ်စကြဝဠာ အရွေးချယ်ခံရနိုင်သည်ဟု ရေပန်းစားနေသည့် အလှမယ်အချို့အား သတင်းထောက်များ၏ တွေ့ဆုံမေးမြန်းမှုကို ဖော်ပြရပါလျှင်-

### မာအီကိုအီတာရီ (ဂျပန်အလှမယ်)

မေး။ ။ အသက်နဲ့ မွေးရာဇာတိ ပြောပြပေးပါဦး။
ဖြေ။ ။ အသက် ၂၅နှစ်ဖြစ်ပြီး ဂျပန်နိုင်ငံ အိုအီတာမြို့ ဇာတိဖြစ်ပါတယ်။
မေး။ ။ အလှမယ်ပြိုင်ပွဲ အကြိမ်အရေအတွက် ဘယ်လောက်ပြိုင်ခဲ့ပါသလဲ။
ဖြေ။ ။ ဂျပန်နိုင်ငံအတွင်းမှာ လေးကြိမ်လောက် ပြိုင်ပွဲဝင်ဖူးပါတယ်။ အမြင့်ဆုံးဆုကတော့ ၂၀၁၀ခုနှစ် ဂျပန်အလှမယ်ဘွဲ့ဖြစ်ပြီး ၂၀၁၀ မယ်စကြဝဠာအတွက်လည်း ရွေးချယ်ခံခဲ့ရတာတွေပါပဲ။
မေး။ ။ ကြိုတင်ပြင်ဆင်မှုတွေကိုလည်း သိချင်ပါတယ်။
ဖြေ။ ။ ခန္ဓာကိုယ် အချိုးအစားကျအောင် လေ့ကျင့်ခန်းနဲ့ လမ်းလျှောက်ခြင်းကို နေ့တိုင်း တစ်နာရီပြုလုပ်ပါတယ်။ အာဟာရမျှတအောင်စားပြီး ဗဟုသုတအဖြစ် စာဖတ်ပါတယ်။
မေး။ ။ ပညာရေးအပိုင်းကို ပြောပြပါဦး။
ဖြေ။ ။ တိုကျိုမြို့မှာရှိတဲ့ ဆိုဖီယာတက္ကသိုလ်က ဘွဲ့ရပြီးပါပြီ၊ အခုဘာသာစကားတွေ လေ့လာနေပါတယ်။
မေး။ ။ အလုပ်အကိုင်ကော ဘာလုပ်နေပါသလဲ။
ဖြေ။ ။ ဂျပန်နိုင်ငံ အိုအီတာမြို့ရဲ့ မြူနီစီပယ်ရုံးမှာ တာဝန်ထမ်းဆောင်နေပါတယ်။



မယ်စကြဝဠာအတွက် ယုံကြည်မှုအပြည့် ရှိနေသည့် ဂျပန်အလှမယ် မာအီကိုအီတာရီ။

(အင်တာနက်ဓာတ်ပုံ)

မေး။ ။ ပြိုင်ပွဲဝင်ဖို့အတွက် အသင့်ဖြစ်ပြီလား။
ဖြေ။ ။ အသင့်ဖြစ်နေပါပြီ။ ကိုယ်တိုင်လည်း ယုံကြည်မှုအပြည့် ရှိနေပါတယ်

ဟု ဖြေကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

မြန်မာ့အလင်း | ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းအညွှန်း



လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း လောက်ကိုင်မြို့ စက်မှုလက်မှုသင်တန်းကျောင်း၌ဖွင့်

ပြည်တွင်းသတင်း (စာ - ၅)



စင်ကာပူလူငယ် အိုလံပစ်အားကစားပွဲတော် ဂျပန်ဆယ်ကျော်သက် အားကစားမယ် ရွှေတံဆိပ်ဆွတ်ခူး

အိုလံပစ် အားကစားပွဲတော် (စာ - ၁၂)

ချယ်လ်ဆီးတို့ ဂိုးဒါဇင်ဝက်သွင်းပြီး အောင်ပွဲစတင်

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၂)



သတ်မှတ်မိုင်နှုန်းကျော်လွန်မောင်းနှင်သည့် ယာဉ်မောင်း ဆွစ်ဇာလန်၌ ဒေါ်လာတစ်သန်း ကမ္ဘာ့စံချိန်တင် ဒဏ်ရိုက်ခံရ

နိုင်ငံတကာသတင်း (စာ - ၄)



### ဝါခေါင်မိုး

၁၅-၈-၂၀၁၀

| | | |
|---|---|---|
| အမ်းမြို့ | ၄ ဒသမ ၀၅ | လက်မ |
| ချောင်းဆုံမြို့ | ၃ ဒသမ ၅၀ | လက်မ |
| မြစ်ကြီးနားမြို့ | ၃ ဒသမ ၂၇ | လက်မ |
| မချမ်းဘောမြို့ | ၂ ဒသမ ၉၉ | လက်မ |
| ကျိုက္ကမီမြို့ | ၂ ဒသမ ၈၃ | လက်မ |
| မြောင်းမြမြို့ | ၂ ဒသမ ၈၃ | လက်မ |
| ဗန်းမော်မြို့ | ၂ ဒသမ ၄၈ | လက်မ |
| ပူတာအိုမြို့ | ၂ ဒသမ ၄၄ | လက်မ |
| ကျောက်ပန်းတောင်း | ၁ ဒသမ ၅၅ | လက်မ |